ကြေးမုံ
The Mirror
၁၃၇၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်၊ သောကြာနေ့၊ (11-5-2012) (ဂ၁၁၇)

## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

# ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား NTEGRATOR ကုမ္ပဏီမှ လာရောက်တွေ့ဆုံ

## ရုပ်မြင်သံကြားထုတ်လွှင့်မှုနည်းပညာများအား အဆင့်မြှင့်တင်ပံ့ပိုးပေးနိုင်မည့် အခွင့်အလမ်းများ ဆွေးနွေး



ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား စင်ကာပူနိုင်ငံ NTEGRATOR ကုမ္ပဏီမှ ဦးဆောင်ညွှန်ကြားရေးမှူး Mr. Jimmy Chang နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၁၀

**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား စင်ကာပူနိုင်ငံ NTEGRATOR ကုမ္ပဏီမှ ဦးဆောင်ညွှန်ကြားရေးမှူး Mr. Jimmy Chang ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးရုံး ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ရုပ်မြင်သံကြားထုတ်လွှင့်မှု နည်းပညာများအား အဆင့်မြှင့်တင် ပံ့ပိုးဆောင်ရွက်ပေးနိုင်မည့် အခွင့်အလမ်းများကို ညှိနှိုင်းဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲတင့်၊ သတင်းနှင့်စာနယ်ဇင်း လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဇော်မင်းဦး၊ ဝန်ကြီးရုံး ရုံးအဖွဲ့မှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

# လယ်ယာမြေဥပဒေနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေများကို အတည်ပြုထုတ်ပြန်နိုင်ခဲ့ပြီးဖြစ်

## လက်တွေ့ကျင့်သုံးနိုင်မည့် ဥပဒေ၊ နည်းဥပဒေများ ရေးဆွဲတင်ပြနိုင်ရန် ပထမအကြိမ် အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၁၀

**လယ်ယာမြေနည်းဥပဒေများ(မူကြမ်း)နှင့် မြေလွတ်မြေရိုင်းများ စီမံခန့်ခွဲရေး နည်းဥပဒေများ(မူကြမ်း)ရေးဆွဲရေး လုပ်ငန်းကော်မတီ ပထမအကြိမ်အစည်းအဝေးကို မေ ၉ ရက် မွန်းလွဲ ၁ နာရီတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတစ်ဝန်းရှိ တောင်သူလယ်သမားများအပါအဝင် နိုင်ငံသားအားလုံးတို့၏ ရေရှည်အမျိုးသားရေး အကျိုးစီးပွားအတွက် အရေးတကြီး အမှန်လိုအပ်ချက်ဖြစ်သည့် လယ်ယာမြေဥပဒေနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေများကို အစိုးရသစ်သက်တမ်းကာလ တစ်နှစ်ပြည့်မြောက်ခဲ့သည့် ၂၀၁၂ ခုနှစ် မတ် ၃၀ ရက်တွင် နိုင်ငံတော်သမ္မတကိုယ်တိုင် လက်မှတ်ရေးထိုးပြီး ဥပဒေအဖြစ် အတည်ပြုထုတ်ပြန်နိုင်ခဲ့ပြီးဖြစ်ကြောင်း။**

အဆိုပါ ဥပဒေများကို ဥပဒေပညာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များဖြင့် မူကြမ်းအဆင့်ဆင့် ရေးဆွဲဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ကျင်းပပြီးစီးခဲ့သော လွှတ်တော်အဆင့်ဆင့်တွင် အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ခဲ့ကြပြီး ဥပဒေအဖြစ် ပြဋ္ဌာန်းကြေညာနိုင်ခဲ့ခြင်းဖြစ်ကြောင်း။

အတည်ပြုကြေညာပြီးဖြစ်သော လယ်ယာမြေဥပဒေတွင် အခန်း(၁၃)ခန်း၊ ပုဒ်မ(၄၃)ခုပါဝင်ပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေတွင် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖



**လယ်ယာမြေနည်းဥပဒေများ(မူကြမ်း)နှင့် မြေလွတ်မြေရိုင်းများစီမံခန့်ခွဲရေး နည်းဥပဒေများ (မူကြမ်း) ရေးဆွဲရေးလုပ်ငန်းကော်မတီ ပထမအကြိမ် အစည်းအဝေးကျင်းပစဉ်။**
(သတင်းစဉ်)

ကြေးမုံစာတည်းရှထောင့် ၁၁-၅-၂၀၁၂[သောကြာနေ့]။

# အများစုအတွက် အခွင့်အရေးတစ်ရပ်

ယခင်က ပြည်သူအများစုခရီးသွားလာရန်အတွက် အားထားစရာမှာ အများပြည်သူသုံးယာဉ်သာဖြစ်၏။ ထိုစဉ်ကရှိသည့်လူဦးရေနှင့် အများပြည်သူသုံးယာဉ်မှာ လုံလောက်မှုမရှိသဖြင့် ခရီးသွားလာရာ၌ အခက်အခဲဖြစ်ခဲ့ရ၏။ သင့်တင့်သည့် မော်တော်ယာဉ်တစ်စီးပိုင်ဆိုင်သူကို မိမိတို့မြို့ရွာများတွင် လက်ချိုးရေတွက်၍ပင်ရ၏။ မော်တော်ယာဉ်တစ်စီးပိုင်ဆိုင်သူကို သူဌေးဟုပင် ခေါ်ဆိုကြသည်။

မျက်မှောက်ကာလတွင် ထိုအခြေအနေမှာ များစွာပြောင်းလဲသွားခဲ့သည်။ ပြောင်းလဲလာသောခေတ်စနစ်နှင့်အညီ စီးပွားရေးဈေးကွက်မှာလည်း ပွင့်လင်းမြင်သာ ထင်ရှားလာသည်။ စီးပွားရေးပွင့်လင်းလာမှုနှင့်အတူ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် အခွင့်အလမ်းများသာလာပြီး ငွေကြေးကြွယ်ဝသူများတိုးပွားလာသည်။ သွားလာရေးတွင် ငွေကြေးတတ်နိုင်သူများက ကားကောင်းများကို စီးနိုင်သည့်အခွင့်အရေးများရလာကြသည်။ ထပ်မံ၍ ယာဉ်အိုယာဉ်ဟောင်းများကို အစားထိုးသည့်ကားသစ်များလည်း တိုးပွားလာသည်။

ယင်းသည် နိုင်ငံ၏လူဦးရေနှင့်နှိုင်းစာလျှင် လူနည်းစုအတွက်သာဖြစ်သေး၏။ ကားစီးနိုင်သူများမှာ ငွေကြေးချောင်လည်သူများသာဖြစ်ပြီး လူလတ်တန်းစားများ၊ အခြေခံလူတန်းစားတို့အတွက်မူ အများပြည်သူသုံးယာဉ်တို့ကိုသာ အားကိုးနေရဆဲဖြစ်သည်။ ထိုအခြေအနေကို ပြုပြင်ပြောင်းလဲရန်အတွက် နိုင်ငံတော်အကြီးအကဲက အများပြည်သူ အဆင်ပြေချောမွေ့စွာသွားလာနိုင်မည့်အစီအမံတစ်ရပ်ကို ဖော်ဆောင်ပေးလိုက်ရာ အားလုံးအတွက် ဝမ်းမြောက်ဖွယ်သာဖြစ်၏။ မေလ ၈ ရက်နေ့က လူတစ်ဦးလျှင် ၂၀၀၇ မော်ဒယ်နှင့်အထက် ကားသစ်တစ်စီးအား ပါမစ်မလိုဘဲ ကန့်သတ်ချက်မရှိ တင်သွင်းခွင့်ပြုလိုက်ကြောင်း ကြားသိလိုက်ရ၏။

အနည်းစုဖြစ်သည့် ကားဝယ်ယူထားသူများ၊ ကားလုပ်ငန်းလုပ်ကိုင်နေသူ လုပ်ငန်းရှင်များအတွက် အခက်အခဲရှိကောင်းရှိမည်ဖြစ်သော်လည်း အများစုအတွက်မူ ကောင်းသောလုပ်ဆောင်မှုသာဖြစ်၏။ လက်ရှိတွင် မြန်မာနိုင်ငံ၌ လူတစ်ထောင်လျှင် ခုနစ်ဦးသာ ကားစီးနိုင်သည့်အခွင့်အရေးရှိပြီး ကျန်လူအများစုမှာ အများပြည်သူသုံးယာဉ်များကိုသာ အားကိုးအားထားပြုနေရဆဲဖြစ်သည်။ ယခုကဲ့သို့ နိုင်ငံတော်က အစီအစဉ်သစ်ကို ပြဋ္ဌာန်းလိုက်သည့်အတွက် အချို့နစ်နာမည်ဆိုပါကလည်း အများအတွက် နားလည်ပေးရန်သာဖြစ်၏။

မျက်မှောက်ကာလတွင် အခြေအနေအချိန်အခါအရ နိုင်ငံသားအများစုအတွက် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ပေးလျက်ရှိရာ စီးပွားရေးကစားသူများအနေဖြင့် ပုံသေကားချပ်မှတ်ယူပြီး စီးပွားရေးအခွင့်အလမ်းတစ်ရပ်ကို မိမိအကျိုးအတွက် အသုံးမချမိရန်လိုပေသည်။ အများစုအတွက် ဆောင်ရွက်ပေးလျက်ရှိသော လုပ်ဆောင်မှုများမှာ သူ့အတိုင်းသာထားရှိစေမည်ဖြစ်ပြီး ဖော်ဆောင်မှုများမှာ အဆင့်အလိုက် ပြောင်းလဲဖြစ်ပေါ်သွားမည်သာဖြစ်သည်။ ယခင်ကကဲ့သို့ အခွင့်အရေးရယူအသုံးချသည့် ခေတ်မဟုတ်တော့သည်ကို သတိမူသင့်ပေသည်။

နိုင်ငံတော်၏စေတနာမှာ အိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံသားများတန်းတူ အဆင့်အတန်း မြင့်မားစေရန်ဖြစ်၏။ ဗီယက်နမ်နိုင်ငံတွင်ပင် နိုင်ငံ၏လူဦးရေတစ်ထောင်၌ နိုင်ငံသား ၁၄ ဦး ကိုယ်ပိုင်ယာဉ်ကောင်းကောင်းစီးနိုင်ပြီဖြစ်၏။ မြန်မာနိုင်ငံ၌လည်း လူဦးရေတစ်ထောင်လျှင် မြန်မာနိုင်ငံသား ၁၄ ဦးနှုန်းကားစီးနိုင်အောင် အစီအစဉ်သစ်ဖန်တီးလိုက်ခြင်းဖြစ်ရာ များမကြာမီတွင် လူလတ်တန်းစားအားလုံး ကားတစီစီနှင့်ဖြစ်လာမည်ကို မြင်ယောင်မိပါသေး၏။

ထိုလိုအပ်ချက်ကိုပြည့်မီရန် လက်ရှိကားအရေအတွက်အပြင် ကားအစီးရေ ၃ ဒသမ ၈သိန်း ထပ်မံခွင့်ပြုသွားမည်ဟုသိရ၏။ တင်သွင်းခွင့်ပြုမည့် ကားများအတွက် အခွန်နှုန်းထားကို လက်ရှိ ပြည်ပမှတင်သွင်းကောက်ခံနေသည့် အခွန်နှုန်းထားများအတိုင်းပေးသွင်းရမည်ဖြစ်ပြီး အငှားယာဉ်များကိုလည်း တင်သွင်းခွင့်ပြုနိုင်အောင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရ၏။

ယင်းကဲ့သို့ကောင်းမွန်သော အခွင့်အလမ်းများနှင့်အတူ နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့် အခက်အခဲများကိုလည်း သတိပြုကြရဦးမည်ဖြစ်၏။ အထူးသဖြင့် ရန်ကုန်မြို့တွင် ယခုကတည်းကပင် တိုးတက်များပြားလာသော ကားများဖြင့် ပြည့်ကျပ်လျက်ရှိရာ ထပ်မံ၍တိုးပွားလာမည့်ကားများအတွက် အစီအမံများရှိဖို့တော့ လိုမည်ဖြစ်၏။ ကားထားသိုခြင်း၊ လမ်းပေါ်တွင် ကားများပိတ်ဆို့ခြင်း၊ စက်သုံးဆီလွယ်ကူစွာဖြည့်တင်းနိုင်ခြင်း၊ ယာဉ်အန္တရာယ်ကင်းဝေးစေခြင်း စသည့်နည်းလမ်းများကို ယာဉ်ပိုင်ရှင်များရော၊ တာဝန်ရှိသူများကပါ ထည့်သွင်းတွက်ဆကြကာ နိုင်ငံတကာအဆင့်မီ မြို့ပြအင်္ဂါရပ်နှင့်ညီမည့် အများစုအတွက် အခွင့်အရေးတစ်ရပ်ပေါ်ထွက်လာခြင်းကို ကြိုဆိုကြဖို့သာဖြစ်သည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား ကမ္ဘာ့ဘဏ်မစ်ရှင်အဖွဲ့ တွေ့ဆုံ

**နေပြည်တော် မေ ၁၀**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား ကမ္ဘာ့ဘဏ်မစ်ရှင်အဖွဲ့ East Asia and Pacific Region and Financial System Global Practice မှ ညွှန်ကြားရေးမှူး Mr. Tunc Tahsin Uyanik နှင့်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများ၊ နည်းပညာအကူအညီ ပေးနိုင်မှုအခြေအနေများ၊ အနာဂတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလားအလာများနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယင်းသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား ကမ္ဘာ့ဘဏ်မစ်ရှင်အဖွဲ့ East Asia and Pacific Region and Financial System Global Practice မှ ညွှန်ကြားရေးမှူး Mr. Tunc Tahsin Uyanik နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၀ - ၅ -၂၀၁၂

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| မြန်မာ(ကျပ်) | ၈၂၇. ၀၀၀ | ၀. ၀၀၁၂၂ |
| ထိုင်း (ဘတ်) | ၃၁. ၁၂၄၉ | ၀. ၀၃၂၁၃ |
| တရုတ် (ယွမ်) | ၆. ၃၁၅၁၈ | ၀. ၁၅၈၃၅ |
| အိန္ဒိယ (ရူပီး) | ၅၃. ၃၅၉၄ | ၀. ၀၁၈၇၄ |
| မလေးရှား (ရင်းဂစ်) | ၃. ၀၆၉၃၄ | ၀. ၃၂၅၈၀ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၄၉၁၉ | ၀. ၈၀၀၅၂ |
| ဂျပန် (ယန်း) | ၇၉. ၇၀၈၃ | ၀. ၀၁၂၅၅ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၄၂. ၁၉ | ၀. ၀၀၀၈၈ |
| ယူရို | ၀. ၇၇၁၅၈ | ၁. ၂၉၆၀၄ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၁၈၃၀ | ၁. ၆၁၇၃၄ |

အင်တာနက်။

## ပုဇွန်တောင်ချောင်းကူး သာကေတတံတားပြုပြင်မည်

**ရန်ကုန် မေ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်တို့ကို ဆက်သွယ်ထားသည့် ပုဇွန်တောင်ချောင်းကူး သာကေတတံတားကို မေ ၁၂ ရက် (စနေနေ့)မှ မေ ၁၅ ရက် (အင်္ဂါနေ့)အထိ ၄ ရက်ကြာ စက်မှုပိုင်းဆိုင်ရာပြုပြင်မည်ဖြစ်ရာ ပြည်သူများအနေဖြင့် မဟာဗန္ဓုလတံတားနှင့် သုဝဏ္ဏတံတားတို့ကို အသုံးပြု၍ သွားလာကြရန် သက်ဆိုင်ရာက နှိုးဆော်ထားသည်။ (သတင်းစဉ်)

## ကမ္ဘာ့ကြက်ခြေနီနေ့အခမ်းအနား တောင်ကြီး၌ ကျင်းပ

**နေပြည်တော် မေ ၁၀**

၂၀၁၂ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားကို မေ ၈ ရက် နံနက် ၉ နာရီတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ ဆရာဝန်များအသင်းရုံး၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က အဖွင့်အမှာစကားပြောကြားပြီး ကမ္ဘာ့ကြက်ခြေနီနေ့သဝဏ်လွှာကို ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ဖတ်ကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ် လူမှုရေးဝန်ကြီးတို့သည် ကြက်ခြေနီလုပ်ငန်းများတွင် ထူးချွန်စွာ ဆောင်ရွက်ခဲ့ကြသော ကြက်ခြေနီ မောင်မယ်များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၁-၅-၂၀၁၂ (သောကြာနေ့)

- ၇း၁၀ တရားတော်
- ၈း၁၅ ဇာတ်လမ်းတို
- ၄း၂၀ ဇာတ်လမ်းတို
- ၄း၄၅ အိုင်စီတီသုတ
- ၅း၁၀ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ လည်မယ်. . . စားမယ် ကမ္ဘာတစ်ခွင်ဝယ်
- ၆း၃၀ "ရွာ"ဟာသဇာတ်လမ်းတွဲ
- ၆း၄၅ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၇း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကွန်ဖူးဘုရင်ဘရုစ်လီ (အပိုင်း-၃၄)**
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
  - -သံစဉ်များနှင့်ကမ္ဘာ
  - -စိုက်ပျိုးသုတ
  - -ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
  - **-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အရိုက်အရာ"(အပိုင်း-၁၂)**
  - **-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သမုဒယနှောင်ကြိုး" (အပိုင်း-၂၈)**

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

စိုက် ပျိုး စွမ်း အား ဘကြီးအောင်

## ပုလဲသွယ်အလှ အံ့ဩရပါပြီ

ယခုနှစ် နွေရာသီ စိုက်ပျိုးခဲ့ကြသည့် ပုလဲသွယ်စပ်မျိုးစပါးများ အောင်မြင်ဖြစ်ထွန်းရင့်မှည့်နေကြပြီ။ တစ်နိုင်ငံလုံးတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူများ ကြီးကြပ်မှုဖြင့် တောင်သူများက စုပေါင်းရိတ်သိမ်းနေကြပြီဖြစ်သည်။

စုပေါင်းရိတ်သိမ်းခြင်းမှ ထွက်ပေါ်လာသည့် ပုလဲသွယ်စပ်မျိုးစပါး၏အလှပုံရိပ်ကား အံ့ဩလောက်အောင် ဖြစ်ရပါသည်။ အကြောင်းကား ရိတ်သိမ်းပြီး ပုလဲသွယ်စပ်မျိုးစပါး၏အထွက်မှာ တစ်ဧကလျှင် တင်း၁၀၀ ကျော်မက ၂၀၀အထိ ထွက်ရှိခြင်းကြောင့်ပါတည်း။

မိမိတို့ငယ်စဉ်က နွေစပါး မဆိုထားနှင့်။ မိုးစပါးသည်ပင်လျှင် တစ်ဧက တင်း ၃၀-၄၀ သာ ထွက်သည်။ မျိုးကောင်း မြေကောင်းပါမှ တင်း ၅၀-၆၀ခန့် အနိုင်နိုင်ထွက်သည်။ ယခု တစ်ဧက တင်း ၁၀၀ကျော် ဆိုသည်မှာ အသာကလေး။ ယင်းကြောင့် ပုလဲသွယ်၏အလှကို အံ့ဩရခြင်းဖြစ်ပါ၏။

နေပြည်တော်ကောင်စီနယ်မြေ၌ ယခုနှစ်နွေစပါးဧက ၁၉၃၈၀ ကျော်စိုက်ပျိုးရန်လျာထားသည့်အနက် ဧပြီလကုန်အထိ နွေစပါးဧက ၂၁၀၀၀ ကျော် စိုက်ပျိုးပြီးကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာရှိ တောင်သူပညာပေးစခန်းရှိ အထူးအထွက်တိုးပုလဲသွယ်စပ်မျိုးစပါး ဧက ၃၆၉ ဧက၌ ခေတ်မီကောက်ရိတ်၊ ခြွေလှေ့စက်များဖြင့် ကောက်ရိတ်သိမ်းပွဲကို ဧပြီ ၂၉ ရက်က ကျင်းပခဲ့ကြောင်း၊ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် တက်ရောက်ချီးမြှင့်ပြီး ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။

အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ ဝန်ကြီးချုပ်တို့ကလည်း သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ရှိ မြို့နယ်များ၌ စိုက်ပျိုးခဲ့ကြသည့် နွေစပါးများ၊ အထူးသဖြင့် ပုလဲသွယ်စပ်မျိုးစပါးများ အောင်မြင်ဖြစ်ထွန်းမှုနှင့် ရိတ်သိမ်းခြွေလှေ့မှုတို့ကို လှည့်လည်ကြည့်ရှုအားပေးနေကြကြောင်း နေ့စဉ်ထုတ်သတင်းစာများအရ သိရသည်။

ဈေးကွက်ခိုင်မာပြီး ဝယ်လိုအားကောင်းသည့် ပုလဲသွယ်စပ်မျိုးစပါးကို မိုးရော၊ နွေပါ တိုးချဲ့စိုက်ပျိုးရန် နိုင်ငံတော်က အလေးထားအားပေးလျက်ရှိသကဲ့သို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကလည်း နည်းပညာ၊ သွင်းအားစု၊ အရင်းအနှီး၊ အရည်အသွေးမီ မျိုးကောင်းမျိုးသန့်၊ ခေတ်မီရိတ်သိမ်းခြွေလှေ့စက် စသည်တို့ကို သတ်မှတ်ချက်များနှင့်အညီ ကူညီပံ့ပိုးပေးလျက်ရှိသည်။

ပုလဲသွယ်စပ်မျိုးစပါး၏ ဈေးကွက်ခိုင်မာမှုသက်သေပြချက်တစ်ရပ်မှာ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာ၌ မေ ၁၀ ရက်က စံပြစက်မှုလယ်ယာ ပုလဲသွယ်စပ်မျိုးစပါး ၂၆၂ ဧက စိုက်ကွင်း၌ ထွန်တုံးပိတ်ပွဲ ကျင်းပခဲ့သည်။

ယင်းထွန်တုံးပိတ်ပွဲတွင် ပုလဲသွယ်စပ်မျိုးစပါးထွက်ရှိလာပါက စပါးတင်း ၁၀၀ လျှင် ငွေကျပ် လေးသိန်းနှုန်းဖြင့် ဧရာဟသာကုမ္ပဏီက ဝယ်ယူမည်ဖြစ်ကြောင်း၊ ယခုကြိုတင်ငွေအဖြစ် တစ်ဧကလျှင် ငွေကျပ် နှစ်သိန်းနှုန်းဖြင့် တောင်သူတစ်ဦးချင်းစီသို့ ကြိုတင်ငွေ စုစုပေါင်းကျပ် ၅၂၄ သိန်း ပေးအပ်ပွဲအခမ်းအနားကို ကျင်းပခဲ့ကြောင်း သတင်းက သက်သေပြချက်တစ်ခုပင်ဖြစ်သည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီးအတွင်း နွေစပါးအဖြစ် စိုက်ပျိုးထားသည့် ပုလဲသွယ်စပ်မျိုးစပါး အထူးအောင်မြင်လျက်ရှိကြောင်းသတင်းနှင့်အတူ ပင်လယ်ကိုးသွယ်ကုမ္ပဏီက "ပုလဲသွယ်စပ်မျိုးစပါး ဈေးကောင်းပေးဝယ်နေသည် (နွေစပါးစိုက်လယ်သမားကြီးများ ဝမ်းမြောက်ဖွယ်) ရန်ကုန်တိုင်းဒေသကြီးအတွင်း ပုလဲသွယ်စပ်မျိုးစပါးတင်း ၁၀၀ လျှင် ငွေကျပ် ၃၆၀၀၀၀ နှုန်းဖြင့် ဈေးကောင်းပေး၍ ဝယ်ယူနေပါသည်။ ဆက်သွယ်ရန်. . ."ဟု မေ ၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာခဲ့သည်။

ဤသည်လည်း အရည်အသွေးကောင်းမွန်သည့် ပုလဲသွယ်စပ်မျိုးစပါး၏ ဈေးကွက်ခိုင်မာမှုလက္ခဏာကောင်းတစ်ခုဟု ဆိုနိုင်ပါသည်။

ပုလဲသွယ်စပ်မျိုးစပါး၏ အရည်အသွေးကောင်းခြင်းလက္ခဏာများတွင် အခြားသော စပါးမျိုးများထက် အမြစ်ဖွဲ့စည်းမှုပိုမိုသန်စွမ်းခြင်း၊ အပင်ပွားစည်းမှုကောင်းခြင်း၊ အနှံပါပင်ပွား ၁၀ ပင်မှ ၁၅ ပင် ရှိခြင်း၊ တစ်နှံပါအောင်စေ့ ၁၅၀ နှင့်အထက်ရှိခြင်း၊ တစ်ဧကအထွက်နှုန်း တင်း ၁၅၀ မှ ၂၀၀ အထက်ရှိခြင်း၊ အပင်သက်တမ်း ၁၁၀-၁၂၀ ရှိခြင်း အားသာချက်များရှိသည်။

သို့ဖြစ်ရာ ပုလဲသွယ်စပ်မျိုးစပါး၏အလှသင်းရနံ့ကား တောင်သူများနယ်ပယ်တွင် အံ့ဩရလောက်အောင် ဒေသအနှံ့ ပျံ့နှံ့နေပြီဖြစ်ပါသည်။ ဝန်ကြီးဌာနနှင့် ဒေသဆိုင်ရာများက အားပေးကူညီမှု၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ပံ့ပိုးမှုနှင့်အတူ ဒေသခံတောင်သူလယ်သမားများက ပုလဲသွယ်စပ်မျိုးစပါး၏ ဆန်အရည်အသွေး အဆင့်မီမှု၊ အထွက်နှုန်းနှင့် ဈေးကွက်ခိုင်မာအကျိုးအမြတ်ရှိမှု၊ မိသားစုဝင်ငွေတိုးကာ ဘဝတိုးတက်မြင့်မားလာမှုတို့ကို သိရှိကြပြီးဖြစ်ရာ ယခုနှစ် မိုးရော၊ လာမည့်နွေရာသီတွင်ပါ ဒေသရေမြေနှင့် ကိုက်ညီသည့် စပါးများအပြင် ပုလဲသွယ်စပ်မျိုးစပါးကို တိုးချဲ့စိုက်ပျိုးရန် ပြင်ဆင်နေကြပြီဖြစ်ကြောင်း ကြည်နူးဖွယ်ရာသိရှိရသည်။

ပုလဲသွယ်အလှ. . . အံ့ဩရပါပြီ ။

❖ ရှေ့ဖုံးမှ

အခန်း(၁၀)ခန်း၊ ပုဒ်မ(၃၄)ခု ပါဝင်ပြဋ္ဌာန်းထားရှိကြောင်း။

အဆိုပါဥပဒေများအား နိုင်ငံသားအားလုံး လက်တွေ့လိုက်နာကျင့်သုံး အကောင်အထည်ဖော်နိုင်ရန် နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ဆက်လက်ရေးဆွဲအတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် နိုင်ငံတော်သမ္မတရုံးသို့ တင်ပြခဲ့ရာ နိုင်ငံတော်သမ္မတရုံး၏ (၂-၅-၂၀၁၂) ရက်စွဲဖြင့် ဒုတိယဝန်ကြီး(လယ်ယာ)ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး (ဆည်မြောင်း) ဒုတိယဥက္ကဋ္ဌအပါအဝင် ၁၆ ဦးပါဝင်သောအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း။

အဆိုပါဖွဲ့စည်းပေးခဲ့သည့် အဖွဲ့ဝင်များစုံညီစွာဖြင့် နိုင်ငံသားအားလုံးတို့၏ အမျိုးသားရေးအကျိုးစီးပွားအတွက် လက်တွေ့ကျင့်သုံးနိုင်မည့် ဥပဒေ၊ နည်းဥပဒေများကို ရေးဆွဲတင်ပြနိုင်ရန် ယခုပထမအကြိမ် အစည်းအဝေးကို ခေါ်ယူကျင်းပရခြင်းဖြစ်ကြောင်း၊ ရေးဆွဲပြုစုကြမည့် နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီရမည်ဖြစ်သည့်အပြင် လွှတ်တော်အဆင့်ဆင့်မှ အတည်ပြုခဲ့ပြီး နိုင်ငံတော်သမ္မတကိုယ်တိုင် လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပြီးဖြစ်သည့် မူရင်းလယ်ယာမြေဥပဒေ၊ မူရင်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပါ မူလပြဋ္ဌာန်းချက်ဥပဒေဖြစ်သည့် မိခင်ဥပဒေ (Mother Law) နှင့်ကိုက်ညီရန် လိုအပ်မည်ဖြစ်ကြောင်း၊ ရေးဆွဲပြဋ္ဌာန်းမည့်ဥပဒေများသည် နိုင်ငံသားအားလုံး လက်တွေ့ အမှန်တကယ် လိုက်နာကြရမည့် ဥပဒေဖြစ်သည့်အားလျော်စွာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၅)၊ ပုဒ်မ(၂၄၈)တွင် ပြဋ္ဌာန်းထားချက်အရ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား ဥပဒေများကို လက်တွေ့ကိုင်တွယ်အသုံးပြုပြီး နိုင်ငံသားတို့၏ အကျိုးစီးပွားကို လက်တွေ့ဖော်ဆောင်ပေးကြရမည်ဖြစ်ကြောင်း၊ မူရင်းဥပဒေများနှင့် ကိုက်ညီစွာ ရေးဆွဲကြမည့် နည်းဥပဒေများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခိုင်မာစွာဖွဲ့စည်းဖြစ်ပေါ်နေပြီးဖြစ်သည့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့် နိုင်ငံတစ်ဝန်းဖြစ်ပေါ်နေသော လယ်မြေ၊ ယာမြေ အမှုအခင်းကိစ္စရပ်များကိုလည်း လက်ရှိမြေပြင်အခြေအနေနှင့် ကိုက်ညီမှန်ကန်စွာ ဥပဒေနှင့်ညီညွတ်စွာ အမှုအခင်းများကို မှန်ကန်မြန်ဆန်အောင် ပြီးပြတ်အောင် ဆုံးဖြတ်ဆောင်ရွက်နိုင်ခွင့်ကိုလည်း နည်းဥပဒေများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ လုပ်ပိုင်ခွင့်အခွင့်အာဏာကို တိကျစွာဖော်ပြပေးရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ ဖြစ်ပေါ်လာမည့် လယ်ယာမြေနည်းဥပဒေများကို လက်တွေ့လိုက်နာကျင့်သုံးရာတွင် လယ်ယာမြေလုပ်ပိုင်ခွင့် (Land Use Right)အား တိကျခိုင်မာစွာဖြင့် ပြဋ္ဌာန်းပေးရန် အဓိကအခြေခံလိုအပ်ချက်ဖြစ်ကြောင်း၊ သို့ဖြစ်သည့်အတွက် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်ပတ်သက်သည့် အဓိပ္ပာယ်ဖော်ပြချက်နှင့် မည်သူသည် ဥပဒေအရ လုပ်ပိုင်ခွင့်ရှိသူဖြစ်ကြောင်းကို လက်ရှိပကတိမြေပြင်အခြေအနေနှင့်ကိုက်ညီစွာ မှတ်ပုံတင်နိုင်ရေးအတွက် တိကျသော နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများဖြင့် ပြဋ္ဌာန်းပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်း ဒေသအလိုက် အငြင်းပွားဖြစ်ပေါ်လျက်ရှိနေသော လယ်ယာမြေအမှုအခင်းကိစ္စရပ်များကို မြေပြင်လက်တွေ့အခြေအနေမှန်များနှင့် ကိုက်ညီစွာ မှန်မှန်ကန်ကန် ပြီးပြတ်အောင် ဆုံးဖြတ်ဆောင်ရွက်နိုင်ရေးအတွက် ရေးဆွဲမည့် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများတွင် အမှုအခင်းတစ်ရပ်အား ကြန့်ကြာနှောင့်နှေးစေခြင်းမရှိဘဲ အချိန်ကာလ သတ်မှတ်ချက်ဘောင်အတွင်း တိကျမှန်ကန်စွာ ဆုံးဖြတ်ဆောင်ရွက်ပေးနိုင်ရန် တိကျသောအချိန်ကာလ သတ်မှတ်ချက်အား နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းတွင် ဖော်ပြပေးရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ ကဏ္ဍအလိုက်၊ အခန်းအလိုက် မူကြမ်းရေးဆွဲ တင်ပြချက်များအပေါ် အဖွဲ့ဝင်များစုံညီစွာဖြင့် ဘက်စုံမှ ညှိနှိုင်းဆွေးနွေးကြပြီး ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏အတည်ပြုချက်အားဖြင့် နိုင်ငံတော်အစိုးရအဖွဲ့သို့ လုပ်ထုံးလုပ်နည်းနှင့်ညီညွတ်စွာ မူကြမ်းအဆင့်ဆင့်အား ရေးဆွဲပြုစုတင်ပြသွားကြရမည့်အားလျော်စွာ အချိန်ကာလသတ်မှတ်ချက်အား နောက်အကျဆုံး ၂၀၁၂ ခုနှစ် မေ ၃၁ ရက် မတိုင်မီ ပြီးစီးအောင် မူကြမ်းအဆင့်ဆင့်မှ အချောသပ်အဆင့်ထိ ဆွေးနွေးရေးဆွဲဆောင်ရွက်ကြပါရန် တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအုန်းသန်းနှင့် ဦးခင်ဇော်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်(ဘဏ်လုပ်ငန်းစိစစ်ရေးဦးစီးဌာန)နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၁၀**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် မေ ၈ ရက် နံနက်ပိုင်းတွင် ဇီးကုန်းမြို့နယ် စပယ်မြောင်ကျေးရွာအုပ်စု လယ်မြေဧက ၃၀၀၀ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန်နှင့် မြစ်မခမြစ်တိမ်ကောနေမှု ပြန်လည်ဖော်ထုတ်ရန် ရေနုတ်မြောင်း ပြန်လည်တူးဖော်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး စပယ်မြောင်ဘုန်းတော်ကြီးကျောင်းနှင့် ဝိုင်းကြီးကျေးရွာအုပ်စု ရွှေဖလားကျေးရွာဘုန်းတော်ကြီးကျောင်းတို့၌ တောင်သူလယ်သမားများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ ဝိုင်းကြီးကျေးရွာအုပ်စုရှိ နွေစပါး ပုလဲသွယ်စိုက်ခင်း ၂၃ ဧကအောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

မေ ၉ ရက် နံနက်ပိုင်းတွင် ကိုးပင်-သာဂရလမ်းရှိ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများအားတွေ့ဆုံပြီး ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး ဆက်သွယ်သော ကိုးပင်-သာဂရလမ်းအချိန်မီပြီးစီးရန်နှင့် အရည်အသွေးကောင်းမွန်၍ ရေရှည်တည်တံ့ခိုင်မြဲရန် မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရေတာရှည်မြို့နယ် ဖိုးကျားအပန်းဖြေစခန်း၊ သာဂရစက်မှုဇုန်ရှိ အမှတ်(၁၅) အကြီးစားစက်ရုံ၊ အမှတ်(၂၆) အကြီးစားစက်ရုံနှင့် သာဂရစက်မှုသင်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ သင်ယူနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း သာဂရစက်မှုဇုန်တွင် စက်ယန္တရားကြီးများ တပ်ဆင်နေမှုကို ကြည့်ရှုစဉ်။**

(သတင်းစဉ်)

## ကော့ကရိတ်မြို့နယ် မြောက်ကမ္မရိုက်ကျေးရွာ မှန်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ၏ ထေရုပ္ပတ္တိအကျဉ်း

### ဖွားမြင်တော်မူခြင်း



ဆရာတော်လောင်းလျာသည် ကရင်ပြည်နယ် ကော့ကရိတ်မြို့ ဝင်းကြီးရပ်နေ ခမည်းတော် ဦးဖိုးညာ၊ မယ်တော် ဒေါ်ရင်ငွေတို့မှ ၁၂၈၆ ခုနှစ် တပေါင်းလဆန်း ၃ ရက် (အင်္ဂါနေ့) တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်သည်။

### ရှင်ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း

ဆရာတော် လောင်းလျာသည် ၁၃၀၀ ပြည့်နှစ် တပေါင်းလဆန်း ၁၄ ရက်နေ့တွင် မြောက်ကမ္မရိုက်ကျေးရွာ ကွင်းကျောင်း (ယခု-မှန်ကျောင်း) ဆရာတော် ဘဒ္ဒန္တနန္ဒဝံသကို ဥပဇ္ဈာယ်ပြု၍ အဘိုးနှင့်မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၀၇ ခုနှစ် ကဆုန်လဆန်း ၁၅ ရက်နေ့တွင် မော်လမြိုင်မြို့ ရတနာဘုံပျံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကေတုမာလာကို ဥပဇ္ဈာယ်ပြု၍ မော်လမြိုင်မြို့ ညောင်ပင်ဆိပ် ဓမ္မာရာမကျောင်းတိုက် သာစုဇနဟိတကာရီ သိမ်တော်၌ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်ရှိခဲ့သည်။

### ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် မော်လမြိုင်မြို့ ကျိုက်မရောမြို့ ညောင်ပင်ဆိပ် ဓမ္မာရာမကျောင်း ဆရာတော် ဘဒ္ဒန္တ ခန္တီ၊ ဘဒ္ဒန္တပညာဇေ၊ ဘဒ္ဒန္တရဝိန္ဒ၊ မော်လမြိုင်မြို့ ရတနာဘုံပျံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကေတုမာလာ (အဂ္ဂမဟာ ပဏ္ဍိတ ) စသော စာချဆရာတော်များထံတွင် ပရိယတ္တိစာပေများကို ကျမ်းရိုးပေါက် သင်ယူတတ်မြောက်ခဲ့သည်။

### သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် ပထမအကြိမ်မှစ၍ ဆဋ္ဌအကြိမ်အထိ ရပ်ကွက်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်ဝိနည်းဓိုရ်၊ မြို့နယ်ဩဝါဒါစရိယ၊ ပြည်နယ် သံဃာ့ဝန်ဆောင်အဖြစ်ဖြင့်လည်းကောင်း၊ ပရိယတ္တိသဒ္ဓမ္မာနုဂ္ဂဟ စာမေးပွဲပူဇာထုတ်၊ စာစစ်အဖွဲ့၏ ဥက္ကဋ္ဌနှင့် ပထမပြန်စာမေးပွဲကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကော့ကရိတ်မြို့ ဇိနသုခလောက သရဖူစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်အဖြစ်လည်းကောင်း၊ ပဉ္စမအကြိမ် (သက်တမ်း) ၂၀၀၂ ခုနှစ်မှစ၍ ယခုဆဋ္ဌအကြိမ် နိုင်ငံတော်ဩဝါဒါစရိယဆရာတော် အဖြစ်လည်းကောင်း သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့သည်။

### ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် လဇ္ဇီပေသလ၊ သိက္ခာကာမ၊ ဝိနယဂရုက၊ ခမာဇာဂရိယစသော နာယကဂုဏ်တို့နှင့်ပြည့်စုံတော်မူသော ဆရာတော်သည် နိုင်ငံတော်အစိုးရက ၁၃၆၄ (၂၀၀၃) ခုနှစ်တွင် “အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ” ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းပူဇော်ခြင်းကို ခံယူတော်မူခဲ့သည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၈၉) နှစ်၊ သိက္ခာတော် (၆၉) ဝါအရ ၁၃၇၄ ခုနှစ် ကဆုန်လပြည့်ကျော် ၅ ရက် (၁၀-၅-၂၀၁၂) (ကြာသပတေးနေ့) နံနက် ၁၀ နာရီ ၂၉ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေး ဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

## (၁၁)ကြိမ်မြောက် အင်းစိန်မြို့နယ်လုံးဆိုင်ရာ ညောင်ရေသွန်းလောင်းပွဲ ကျင်းပ

**ရန်ကုန် မေ ၁၀**

မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့) (မေ ၅ ရက်) နံနက် ၇ နာရီခွဲက ညောင်ရေသွန်းလောင်းပူဇော်ပွဲကို ရန်ကုန်မြို့ အင်းစိန်မြို့နယ် လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး ကိန်းဝပ်စံပယ်တော်မူသော မင်းဓမ္မကုန်းတော်ပေါ်ရှိ မဟာဗောဓိပင်အား (၁၁)ကြိမ်မြောက် ညောင်ရေသွန်းလောင်းပူဇော်ပွဲ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။ အဆိုပါ အခမ်းအနား၌ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုး၊ ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့များ၊ မြို့နယ်/ရပ်ကွက်များမှ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဘုရားဖူးလာပြည်သူများသည် ဘုရားအမှူးရှိသော သံဃာတော်များအား ဆွမ်း၊ ရေချမ်း၊ ဆီမီးတို့ကို ပူဇော်လှူဒါန်းခြင်း၊ ငါးပါးသီလ ဆောက်တည်ကြခြင်း၊ ဘုရားဂုဏ်တော်များ ရွတ်ပွားသရဇ္ဈာယ်ကြပြီး မဟာဗောဓိ ညောင်ပင်အား ရေစင်သွန်းလောင်းကြကာ **(အောက်ဝဲပုံ)** ဒါန၊ သီလ၊ ဘာဝနာ ကောင်းမှုကုသိုလ်များ ရယူခဲ့ကြကြောင်း သိရသည်။ (၆၈၄)



## (၆၆)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၁၀**

မကွေးတိုင်းဒေသကြီး (၆၆)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို မေ ၅ ရက် နံနက် ၇ နာရီခွဲတွင် မကွေးခရိုင်အားကစားကွင်း၌ ကျင်းပရာ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအန့်ဇော်က အမှာစကားပြောကြားပြီး အကောင်းဆုံးမီးသတ်စခန်းဆုရ မကွေးမြို့နယ် မီးသတ်တပ်ဖွဲ့နေ့စစ်ရေးပြပြိုင်ပွဲဆုရ မြင်သာရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ အပေါ့စားမီးသတ်စက် ပြိုင်ပွဲဆုရ မင်းဘူးမြို့နယ် အမှတ်(၃) ရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့တို့အား ဆုချီးမြှင့်သည်။

ထို့နောက် မီးသတ်စွမ်းရည်နှင့် အသက်ကယ်စွမ်းရည်များ သရုပ်ပြသခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ပညာရပ်ဆိုင်ရာ ဟောပြောဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် မေ ၁၀**

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ ပညာရပ်ဆိုင်ရာ ဟောပြောဆွေးနွေးပွဲ (၁/၂၀၁၂)ကို ယမန်နေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဦးက အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် ကမ္ဘောဇဘဏ် ဒုတိယဥက္ကဋ္ဌ(၂) ဦးသန်းလွင်က “ခေတ်မီဘဏ်လုပ်ငန်း၏ ဝန်ဆောင်မှုများနှင့် ခေတ်ပြောင်း စနစ်ပြောင်းကာလတွင် ထွန်းသစ်စ မြန်မာ့ဘဏ်လုပ်ငန်း၏ ပြုပြင်ပြောင်းလဲလာသည့်အပေါ် လေ့လာဆန်းစစ်ချက်” ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောသည်။

(သတင်းစဉ်)



## အရာထမ်းအခြေခံသင်တန်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် မေ ၁၀**

အရာထမ်းအခြေခံသင်တန်းအမှတ်စဉ်(၁၉၀)ဖွင့်ပွဲကို မေ ၈ ရက် နံနက်ပိုင်းတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)အုန်းတောခန်းမ၌ကျင်းပရာ ပါမောက္ခချုပ် ဦးဝင်းမောင်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းသို့ သင်တန်းသားသင်တန်းသူ ၁၂၉ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ

# ဂျီ-၈ ထိပ်သီးအစည်းအဝေးသို့ ရုရှားသမ္မတ မတက်ရောက်ဟုဆို

**မော်စကို မေ ၁၀**

ယခုလနှောင်းပိုင်းတွင်အမေရိကန်ပြည်ထောင်စု၌ ကျင်းပမည့်စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများအသင်း (ဂျီ-၈) ထိပ်သီးအစည်းအဝေးသို့ ၎င်းတက်ရောက်နိုင်မည်မဟုတ်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က အမေရိကန်သမ္မတ ဘာရက်အိုဘားမားအား ပြောကြားခဲ့သည်ဟု မေ ၁၀ရက် အင်တာနက်သတင်းများတွင် ဖော်ပြသည်။

(ဂျီ-၈ )အစည်းအဝေးသို့ တက်ရောက်ရန် လေးနှစ်တိုင် ပျက်ကွက်ခဲ့သည့် မစ္စတာပူတင်မှာ ယခုရက်သတ္တပတ်အတွင်း ရုရှားသမ္မတအဖြစ် ကျမ်းသစ္စာကျိန်ခဲ့ပြီး ၎င်း၏အစိုးရအဖွဲ့ အပြီးသတ် ဖွဲ့စည်းရေးအတွက် အလုပ်များနေကြောင်း အမေရိကန် တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ရုရှားသမ္မတအနေဖြင့် (ဂျီ-၈ )အစည်းအဝေးသို့ သမ္မတရာထူးမှ နုတ်ထွက်သွားခဲ့ရပြီး ရုရှားဝန်ကြီးချုပ်အဖြစ်ခန့်အပ်ခြင်းခံရသူ ဒီမစ်ထရီမက်ဗီဒက်ဗ်အား စေလွှတ်ဖွယ်ရှိသည်ဟု သတင်းတွင် ဖော်ပြထားသည်။

ရုရှားနှင့်အမေရိကန်သမ္မတနှစ်ဦးတို့သည် ယခုနှစ် ဇွန်လအတွင်း မက္ကဆီကိုနိုင်ငံ၌ ကျင်းပမည့် (ဂျီ-၂၀) ထိပ်သီးအစည်းအဝေးတွင် တွေ့ဆုံဆွေးနွေးကြမည်ဟု ဆိုသည်။

ယခုရက်သတ္တပတ် အစောပိုင်းက မော်စကိုမြို့တော်၌ ရုရှားသမ္မတပူတင်အား ဆန့်ကျင်သည့် လူစုလူဝေးအပေါ်၌ ရုရှားရဲတပ်ဖွဲ့ဝင်တို့ တုံ့ပြန်ဆောင်ရွက်မှုကို ဝါရှင်တန်ကဝေဖန်ပြောကြားခဲ့သည်။

မေ ၇ရက်က ကျင်းပခဲ့သော ဗလာဒီမာပူတင် သမ္မတကျမ်းသစ္စာကျိန်ဆိုပွဲကို ဆန့်ကျင်ဆန္ဒပြရာ၌ လူနှစ်သောင်းခန့်ပါဝင်ခဲ့ပြီး ယင်းအနက်မှ လူ ၈၀၀၀ခန့်ကို ရဲများက ဖမ်းဆီးခဲ့သည်ဟု ဆန္ဒပြပွဲကို လှုံ့ဆော်စည်းရုံးသူများကပြောကြားသည်။

ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်သူများအပေါ် မှားယွင်းစွာပြုမူဆောင်ရွက်မှုအတွက် အမေရိကန်နိုင်ငံအနေဖြင့် စိတ်အနှောင့်အယှက်ဖြစ်ရသည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

***အင်တာနက်။***



နျူထိပ်ဖူး သယ်ဆောင်နိုင်စွမ်း ရှိသည့် တာတိုပစ် ဒုံးကျည်ကို မေ ၁၀ ရက်တွင် ပါကစ္စတန်စစ်ဘက်မှ စမ်းသပ်ပစ်ခတ်စဉ်။



# ပျောက်ဆုံးနေသော ရုရှားဂျက်လေယာဉ်ပျက် အင်ဒိုနီးရှား၌တွေ့ရှိ

**ဂျကာတာ မေ ၁၀**

လူ ၅၀လိုက်ပါလာသော ရုရှားဆူခိုင်းဆူပါဂျက်လေယာဉ်သည် ပျောက်ဆုံးနေရာမှ တစ်ရက်အကြာတွင် အင်ဒိုနီးရှားနိုင်ငံ၌ ရှာဖွေတွေ့ရှိခဲ့သည်ဟု အင်ဒိုနီးရှားတာဝန်ရှိသူများက ပြောကြားသည်။

ရုရှားနိုင်ငံ၏ ပထမဆုံးသော ပြည်တွင်းလုပ် ဆူခိုင်းဂျက်လေယာဉ်သည် မေ ၉ရက်က လေယာဉ်သရုပ်ပြ မောင်းနှင်ရန် ဂျကာတာလေဆိပ်မှ ပျံသန်းလာစဉ် မိနစ် ၅၀အကြာတွင် ရေဒါစက်ကွင်းမှ ပျောက်ကွယ်ခဲ့သည်။

အဆိုပါလေယာဉ်ပျက်ကို အင်ဒိုနီးရှားနိုင်ငံ ဂျာဗားပြည်နယ်အနောက်ဘက် မောင့်ဆာလက်ခ်ချောက်ကမ်းပါးဘေးတွင် တွေ့ရှိခဲ့သည်ဟု အင်ဒိုနီးရှားနိုင်ငံ တာဝန်ရှိသူများက မေ ၁၀ရက်တွင် ပြောကြားခဲ့သည်။

ထိုနေရာ၌ တွေ့ရှိခဲ့သော အပျက်အစီးများသည် ဆူခိုင်းဂျက်လေယာဉ်၏ ပစ္စည်းများဖြစ်သည်ဟု ဂျကာတာ ကယ်ဆယ်ရေးနှင့် ရှာဖွေရေးအဖွဲ့ခေါင်းဆောင်က ပြောကြားခဲ့သည်။

အဆိုပါလေယာဉ်၌ လိုက်ပါလာသော ခရီးသည်များ၏ကံကြမ္မာကို ပြောကြားနိုင်ခြင်း မရှိသော်လည်း ကယ်ဆယ်ရေးအဖွဲ့သည် ပျောက်ဆုံးနေသူများကို ကြိုးပမ်းရှာဖွေလျက်ရှိသည်ဟု သတင်းတစ်ရပ်၌ ဖော်ပြထားသည်။

အင်ဂျင်နှစ်လုံးတပ် ၁၀၀ဆူပါဂျက်လေယာဉ်၌ လိုက်ပါလာသူများတွင် ရုရှားလေယာဉ်မှူးနှင့် နည်းပညာရှင် ရှစ်ဦး၊ ရုရှားသံရုံးမှ တာဝန်ရှိသူများ၊ အင်ဒိုနီးရှားလေကြောင်းလိုင်းမှ ကိုယ်စားလှယ်အပြင် ဂျာနယ်သမားများလည်း ပါရှိသည်။

အဆိုပါခရီးသည်တင်လေယာဉ်သစ်သည် ရုရှားနိုင်ငံ၏ ဆူခိုင်းနှင့် အီတလီနိုင်ငံ အလီနီယာအရိုနူတီကာ လေကြောင်းလိုင်းတို့ ယမန်နှစ်က ဖက်စပ်လုပ်ကိုင်နေသော ပထမဆုံး ကုန်သွယ်လေယာဉ်ဖြစ်သည်။ ***အင်တာနက်။***



ရုရှားခရီးသည်တင်လေယာဉ် ပျက်ကျခဲ့သည့် အင်ဒိုနီးရှားနိုင်ငံ ဂျာဗားပြည်နယ်မှ တောင်ထူထပ်ရာဒေသကို တွေ့ရစဉ်။

# နျူထိပ်ဖူးသယ်ဆောင်နိုင်သည့် တာတိုပစ်ဒုံးကျည် ပါကစ္စတန် အောင်မြင်စွာ စမ်းသပ်ပစ်ခတ်

**အစ္စလာမ္မာဘတ် မေ ၁၀**

နျူကလီးယားထိပ်ဖူး သယ်ဆောင်နိုင်စွမ်းရှိသည့် တာတိုပစ်ဒုံးကျည်တစ်စင်းကို အောင်မြင်စွာစမ်းသပ် ပစ်ခတ်နိုင်ခဲ့ကြောင်း ပါကစ္စတန်စစ်ဘက်က ပြောကြားသည်ဟု မေ ၁၀ ရက် အေပီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ဟာတက်ဖ်-၃ ဂဇ်နာဗီအမည်ရှိ အဆိုပါ တာတိုပစ်ဒုံးကျည်သည် ခရီးတာကီလိုမီတာ ၂၉၀(မိုင်-၁၈၀) အထိ ရောက်ရှိနိုင်ပြီး ပါကစ္စတန်ကြည်းတပ် မဟာဗျူဟာဌာနချုပ်တပ်ဖွဲ့၏ နှစ်ပတ်လည်စစ်မြေပြင် စစ်ရေးလေ့ကျင့်မှုတွင် နောက်ဆုံးအကြိမ် စမ်းသပ်မှုအဖြစ် မေ ၁၀ ရက်တွင် ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း ပါကစ္စတန်စစ်တပ်ကြေညာချက်တွင် ဖော်ပြသည်။

ယခုတစ်ကြိမ် ဒုံးကျည်ပစ်ခတ်စမ်းသပ်မှုသည် ပါကစ္စတန်နိုင်ငံအနေဖြင့် ရက်သတ္တနှစ်ပတ်အတွင်း ဒုတိယအကြိမ်ဖြစ်ပြီး ဧပြီ ၂၅ ရက်ကလည်း တာလတ်ပစ် ဒုံးကျည်တစ်စင်းကို စမ်းသပ်ပစ်ခတ်ခဲ့သည်။

***အင်တာနက်။***

# စင်ကာပူတွင် အမေရိကန်စစ်သင်္ဘော ၁၀လခန့် ဆိုက်ကပ်ထားမည်

**ဝါရှင်တန် မေ ၁၀**

အမေရိကန်ပြည်ထောင်စု ပင်လယ်ကမ်းရိုးတန်းသွား စစ်သင်္ဘောများ၏ အမျိုးအစားသစ်မှ ယူအက်စ်အက်စ်ဖရီးဒန်းအမည်ရှိ ပထမဆုံးတစ်စင်းကို စင်ကာပူနိုင်ငံသို့ ၁၀လခန့် ဆိုက်ကပ်ထားရန်အတွက် စေလွှတ်မည်ဖြစ်ကြောင်း ရေတပ်ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကြီး သောမတ်စ်ရိုဒင်က မေ ၉ ရက်တွင် သတင်းထောက်များအား ပြောကြားခဲ့သည်။

စင်ကာပူနိုင်ငံသည် မလက္ကာရေလက်ကြားတစ်လျှောက်၌ မဟာဗျူဟာမြောက်တည်ရှိသည်။ ယင်းရေလက်ကြားသည် အိန္ဒိယသမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာတို့ကို ဆက်သွယ်ထားရှိပြီး ကမ္ဘာ့ကုန်သွယ်ရေကြောင်းသင်္ဘောများ၏ ၄၀ ရာခိုင်နှုန်းက ဖြတ်သန်း သွားလာလျက်ရှိသည်။

**ဆွေးနွေး**

စင်ကာပူအစိုးရက ၎င်း၏ရေတပ်စစ်စခန်းများကို အမေရိကန်စစ်သင်္ဘောများ တာဝန်လွှဲပြောင်းသည့် စခန်းအဖြစ်လည်းကောင်း၊ ဖော်ပြပါ ပင်လယ်ကမ်းခြေတိုက်ခိုက်ရေး စစ်သင်္ဘော(အယ်လ်စီအက်စ်)လေးစင်းအထိ လက်ခံရေးကိုလည်းကောင်း အမေရိကန်တို့နှင့် ဆွေးနွေးလျက်ရှိသည်။

နှစ်နိုင်ငံစလုံးက စစ်အခြေစိုက်စခန်းဆိုင်ရာ သဘောတူညီချက်အရ ခေတ္တဝင်ရောက်ရပ်နားခြင်းဖြစ်သည်ဟုဆိုသည်။

အီရတ်နှင့် အာဖဂန်နစ္စတန်နိုင်ငံတွင် ဆယ်စုနှစ်တစ်စုကြာစစ်ပွဲဆင်နွှဲပြီးသည့်နောက် အမေရိကန် အမျိုးသား လုံခြုံရေးအစီအစဉ်အရ အာရှ-ပစိဖိတ်ဒေသကို ပိုမိုအာရုံစူးစိုက်ကြရန် သမ္မတအိုဘားမားသည် ယမန်နှစ်က အမိန့်ထုတ်ခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံနှင့် စစ်ရေးပူးပေါင်းဆောင်ရွက်ရန် နယ်မြေသစ်များ၊ ဩစတြေးလျနိုင်ငံမြောက်ပိုင်း၏ အမေရိကန် ကမ်းတက်တပ်ဖွဲ့ဝင်များ တပ်စွဲထားခြင်းနှင့် စင်ကာပူနိုင်ငံ၌ အမေရိကန် အယ်လ်စီအက်ဖ် စစ်သင်္ဘောများ ဆိုက်ကပ်ထားခြင်းများသည် ပစိဖိတ်သမုဒ္ဒရာအတွင်း အရေးပါသော အကြောင်းတရားများ ဖြစ်လာမည်ဖြစ်သည်။

တရုတ်နိုင်ငံသည် ဖိလစ်ပိုင်၊ဗီယက်နမ်၊ဘရူနိုင်း၊မလေးရှားတို့နှင့် တောင်တရုတ်ပင်လယ်အတွင်း နယ်မြေပိုင်ဆိုင်မှုနှင့် စပ်လျဉ်း၍ အငြင်းပွားလျက်ရှိသည်။ စစ်သင်္ဘောသစ်များဖြစ်သည့် အဆိုပါ အယ်လ်စီအက်စ်တို့သည် တစ်နာရီလျှင် ရေမိုင် ၄၀ကျော် ခုတ်မောင်းနိုင်စွမ်းရှိသည့်အပြင် မိုင်းရှင်းလင်းရေး၊ ရေငုပ်သင်္ဘော တိုက်ဖျက်ရေးနှင့် ရေပြင်တိုက်ခိုက်ရေးတို့တွင် အသုံးပြုနိုင်သည်။ ***အင်တာနက်။***

**ယူအက်စ်အက်စ် ဖရီးဒန်းသင်္ဘောကို စမ်းသပ်မောင်းနှင်နေစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*



# အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းတွင် တိုက်ခိုက်မှုများဖြစ်ပွား ခုနစ်ဦးသေဆုံး

**ရှာရန်း မေ ၁၀**

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ပက်တီကာပြည်နယ် ယာရှီယာခီးလ်ခရိုင်ရှိ ရဲတပ်ဖွဲ့ စစ်ဆေးရေးဂိတ်တစ်ခုကို စစ်သွေးကြွများက မေ ၁၀ရက် နံနက်ပိုင်းတွင် ဝင်ရောက်တိုက်ခိုက်စဉ် အပြန်အလှန်ပစ်ခတ်ကြရာ ရဲတပ်ဖွဲ့ဝင်သုံးဦးနှင့် စစ်သွေးကြွလေးဦးသေဆုံးကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက ပြောကြားသည်။

ဖောက်ခွဲရေးပစ္စည်းများ တပ်ဆင်ထားသည့် အင်္ကျီကို ဝတ်ဆင်ထားသော အသေခံစစ်သွေးကြွလေးဦးက လက်နက်များကိုင်ဆောင်ကာ ဒေသစံတော်ချိန် နံနက် ၈နာရီခန့်တွင် အဆိုပါ ရဲစစ်ဆေးရေးဂိတ်ကို စီးနင်းတိုက်ခိုက်ခြင်းဖြစ်ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့အကြီးအကဲ ဒါးလက်ခန်းက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

စစ်သွေးကြွများအား ရဲတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်စဉ် စစ်သွေးကြွလေးဦးစလုံး သေဆုံးသွားကြောင်း၊ ယင်းတိုက်ခိုက်မှုတွင် အစိုးရအလုပ်သမားများနှင့် အရပ်သားများ ဒဏ်ရာရရှိမှုမရှိဟု သတင်း၌ ဖော်ပြသည်။ ယင်းတိုက်ခိုက်မှုသည် မည်သည့်အုပ်စုတွင် တာဝန်ရှိသည်ကိုမူ ယခုအချိန်အထိ အခိုင်အမာပြောဆိုမှု မရှိသေးချေ။ ***ဆင်ဟွာ။***

# ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသတွင် တောမီးအကြိမ် ၁၀၀ကျော်လောင်ကျွမ်း

**အိုင်အာကော့စ်(ရုရှား) မေ ၁၀**

ရုရှားနိုင်ငံ အရှေ့ပိုင်း ဆိုက်ဘေးရီးယားဒေသတွင် တောမီးအကြိမ်ပေါင်း ၁၀၀ကျော်လောင်ကျွမ်းသဖြင့် စိုက်ပျိုးမြေဧက ၅၇၀၀၀ကျော် ကူးစက်လောင်ကျွမ်းခံရကြောင်း အီတာတာ့စ်သတင်းဌာနက မေ ၁၀ရက်တွင် ပြောကြားသည်။

ထရန်စ်ဘိုင်ကယ်ဒေသတွင် ပြင်းထန်သော တောမီး ၃၄ ကြိမ်လောင်ကျွမ်းမှုကြောင့် ယင်းဒေသရှိ နယ်မြေဧက ၅၂၀၀၀ မီးဝါးမျိုခံခဲ့ရကြောင်း သတင်းတွင် ဖော်ပြသည်။

တောမီးလောင်မှုကို ဒေသခံပြည်သူ ၃၄၅၀ ခန့်နှင့် မီးသတ်ဌာနများ ပူးပေါင်း၍ ဝိုင်းဝန်းငြိမ်းသတ်ကြကြောင်း၊ ဒေသခံပြည်သူများက မြက်ခြောက်များကိုမီးရှို့ရာမှ တောမီးလောင်ကျွမ်းရခြင်းဖြစ်ကြောင်း သတင်း၌ ပါရှိသည်။ ***ဆင်ဟွာ။***

# အာဟာရပြတ်လပ်မှုဒဏ် ယီမင်ကလေးတစ်သန်းမျှခံစား

**ယီမင် မေ ၁၀**

ယီမင်နိုင်ငံ၌ ကလေးတစ်သန်းမျှသည် အာဟာရငတ်မွတ်သည့်ဒဏ်ကို ခံစားနေရပြီး အဆိုပါ ကလေးများအနက် အများစုသည် သေဘေးမှလွတ်မြောက်ရန် ရုန်းကန်နေရကြောင်း ကုလသမဂ္ဂရုံးမှ လူသားချင်း စာနာထောက်ထားရေးအဖွဲ့က သတိပေး ပြောကြားခဲ့သည်။

အသက်ငါးနှစ်အောက်ကလေး ၉၆၇၀၀၀ ခန့်သည် အာဟာရပြတ်လပ်သည့် ဝေဒနာကို အထူးစိုးရိမ်ဖွယ်ရာ ခံစားနေရသည်ဟု ကုလသမဂ္ဂမှ ပြောရေးဆိုခွင့်ရှိသူ မာထနေဆာကီက မေ ၉ရက်တွင် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်ဟု ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

တစ်ချိန်တည်း၌ပင် ကျန်းမာရေး၊ ရေသန့်၊ အခြေခံရေဆိုးစုပ်စနစ်နှင့် အာဟာရအတွက် လိုအပ်လျက်ရှိသော ယီမင်နိုင်ငံပြည်သူပြည်သား သန်းပေါင်းများစွာကို အကူအညီများ ထောက်ပံ့ပေးနိုင်ရန် ကမ္ဘာ့နိုင်ငံများက နိုင်ငံတကာ အဖွဲ့အစည်းကို ကူညီပေးရန် မေတ္တာရပ်ခံလျက်ရှိသည်။ အဆိုပါအကျပ်အတည်းပြဿနာကို ဖြေရှင်းနိုင်ရန် သင့်တင့်သလို ကုသမှုကို စီမံမဆောင်ရွက်နိုင်လျှင် အသက်ဘေးအတွက် စိုးရိမ်ဖွယ်ရှိသော ကလေး ၂၆၇၀၀၀ ကို ကူညီပေးနိုင်ရန် အမေရိကန်ဒေါ်လာသန်း ၄၀ မျှလိုအပ်ကြောင်း ဆင်းရဲသော အာရပ်နိုင်ငံမှ ကူညီထောက်ပံ့ရေးအဖွဲ့က တောင်းဆိုထားသည်။ ***ဆင်ဟွာ။***

# စင်ကာပူအထပ်မြင့်အဆောက်အအုံများ၏ ပြတင်းပေါက်မှန်များ အိမ်ဖော်များသန့်ရှင်းရေးလုပ်ရမှု ပိတ်ပင်ရန် အင်ဒိုနီးရှားကြိုးပမ်း

စင်ကာပူ မေ ၁၀

**စင်ကာပူနိုင်ငံရှိ အထပ်မြင့်အဆောက်အအုံများ၏ ပြတင်းပေါက်မှန်အပြင်ဘက်အခြမ်း သန့်ရှင်းရေးလုပ်ရန် အိမ်ဖော်အမျိုးသမီးများအားစေခိုင်းမှုကို ပိတ်ပင်သွားရေးအတွက် စင်ကာပူနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံရုံးက ကြိုးပမ်းနေကြောင်း မေ ၈ ရက်သတင်းများတွင် ဖော်ပြထားသည်။**

ယခုနှစ်အတွင်း စင်ကာပူနိုင်ငံ၌ အထပ်မြင့် အဆောက်အအုံများ၏ ပြတင်းပေါက်မှန်များအား သန့်ရှင်းရေးပြုလုပ်ရင်း ပြုတ်ကျသေဆုံးခဲ့ရသည့် အိမ်ဖော်အမျိုးသမီးရှစ်ဦးရှိခဲ့ရာ အားလုံးမှာ အင်ဒိုနီးရှားနိုင်ငံသူများ ဖြစ်သည်။

အထပ်မြင့်အဆောက်အအုံများ၌ အဝတ်လျှန်းရခြင်း၊ ပြတင်းပေါက်မှန်အပြင်ဘက်ခြမ်းအား သန့်ရှင်းရေးပြုလုပ် ရခြင်း စသော လုပ်ငန်းဆောင်တာများမှ အိမ်ဖော်အလုပ်သမားများ ကင်းလွတ်ခွင့်ရရေးအတွက် လုပ်ငန်းစာချုပ်များတွင် စည်းမျဉ်း တစ်ရပ်ထည့်သွင်း၍ အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများကို တောင်းဆိုထားကြောင်း စင်ကာပူနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံရုံး ကောင်စစ်ဝန်က ပြောကြားခဲ့သည်။

အိမ်ဖော်အလုပ်သမားများ၏ ဘေးအန္တရာယ်လုံခြုံရေးကို အာမခံချက်မပေးသော အလုပ်ရှင်များနှင့် အလုပ်အကိုင် ရှာဖွေရေးအေဂျင်စီများအား ဖော်ထုတ်၍ အမည်းရောင်စာရင်းအတွင်း ထည့်သွင်းရန် စင်ကာပူလူ့စွမ်းအားဝန်ကြီးဌာနနှင့် အင်ဒိုနီးရှား အာဏာပိုင်များ ပူးပေါင်းဆောင်ရွက်နေကြောင်း သတင်းများ တွင် ဖော်ပြသည်။

စင်ကာပူနိုင်ငံ၌ ပြည်ပနိုင်ငံများမှ အိမ်ဖော်အလုပ်သမား ၂၀၀၀၀၀ခန့် အလုပ်လုပ်လျက်ရှိရာ ထက်ဝက်ခန့်မှာ အင်ဒိုနီးရှားနိုင်ငံသား အမျိုးသမီးများဖြစ်ကြသည်။

လူဦးရေ ၅ ဒသမ ၂ သန်းရှိသော စင်ကာပူနိုင်ငံ၌ အိမ်ဖော်များအနေဖြင့် မိသားစုငါးစုလျှင် တစ်စုအတွက် နားရက်မရှိဘဲ အချိန်ပြည့် အလုပ်လုပ်ကိုင်ပေးနေရခြင်းကြောင့် ယင်းအိမ်ဖော်များ၏ လုပ်ငန်းခွင်အခြေအနေအား မြှင့်တင်ပေးရန် စင်ကာပူအစိုးရက ကြိုးပမ်းနေရသည်။

အင်တာနက်။

# ပါလက်စတိုင်းအကျဉ်းသားများအား တိုက်ပိတ်ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ပြုရန် အစ္စရေးသဘောတူ



ဂျေရုစလင် မေ ၁၀

တစ်ဦးချင်း တိုက်ပိတ်ချုပ်နှောင်ခံထားရသော အကျဉ်းသားများအား တိုက်ပိတ်ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ပြုရေး ပါလက်စတိုင်း အကျဉ်းသားများ၏ တောင်းဆိုချက်ကို အစ္စရေး အထူးခုံရုံးတစ်ရပ်က သဘောတူညီလိုက်ကြောင်း အစ္စရေးနိုင်ငံထုတ် ဟာရက်ဇ် သတင်းစာက မေ ၉ ရက်တွင်ဖော်ပြထားသည်။

တိုက်ပိတ်ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ပေးရန် အထူးခုံရုံးက သဘောတူခဲ့သည့် အကျဉ်းသားများထဲတွင် လုံခြုံရေး ချိုးဖောက်မှုများဖြင့် ဖမ်းဆီးခံထားရသူ အခြားပါလက်စတိုင်း အကျဉ်းသားများထက် တိုက်ပိတ်ပြစ်ဒဏ်ကို ပိုမိုကြာမြင့်စွာ ခံစားခဲ့ရသည့် မာမွတ်အီဆာဆိုသူလည်းပါဝင်မည်ဖြစ်ကြောင်း ဟာရက်ဇ်သတင်းစာက ဖော်ပြသည်။

တိုက်ပိတ်ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ရမည့် အကျဉ်းသားများကို အခြားပါလက်စတိုင်း အကျဉ်းသားများနှင့် အတူထားရှိမည် သို့မဟုတ် အထူးစီစဉ်ထားသောအကျဉ်းခန်း၌ ထားရှိမည် ဟူသည့်အချက်များအား သဲသဲကွဲကွဲ မသိရသေးပေ။

ပညာဆက်လက်သင်ကြားခြင်းနှင့် စာရေးစာဖတ်ခြင်း တို့ကို ပိတ်ပင်ထားခြင်းနှင့် အကျဉ်းသားများ၏ နေ့စဉ်ဘဝများ အပေါ် အကျိုးသက်ရောက်မှုရှိသည့် စည်းမျဉ်းများ အပါအဝင် ပါလက်စတိုင်းအကျဉ်းသားများအပေါ် ပြဋ္ဌာန်းထားသော ကန့်သတ်ချက်အချို့အား ရုပ်သိမ်းပေးရန် အစ္စရေးအကျဉ်းဦးစီး ဌာနက ဆန္ဒရှိကြောင်း ဟာရက်ဇ်သတင်းစာတွင် ဖော်ပြထား သည်။

အင်တာနက်။

# ဒမတ်စကပ်မြို့ အသေခံပုံးခွဲတိုက်ခိုက်မှုများကြောင့် လူ ၅၅ ဦးသေဆုံး၍ ၃၇၀ ကျော်ဒဏ်ရာရ

**ဒမတ်စကပ် မေ ၁၀**

ဆီးရီးယားနိုင်ငံ ဒမတ်စကပ်မြို့၌ မေ ၁၀ ရက်က အသေခံပုံးခွဲတိုက်ခိုက်မှု နှစ်ရပ်ဖြစ်ပွားခဲ့ရာ လူပေါင်း၅၅ ဦး သေဆုံးခဲ့ရပြီး ပုံးပေါက်ကွဲမှုများဖြစ်ပေါ်ခဲ့ရာ လမ်းမများသည် လည်း စစ်မြေပြင်သဖွယ် ဖြစ်ခဲ့ရကြောင်းသိရသည်။

အဆိုပါ ပုံးခွဲတိုက်ခိုက်မှုများသည် ၁၄ လကြာမြင့်ခဲ့ပြီ ဖြစ်သော ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခအတွင်း အသေ အပျောက်အများဆုံး တိုက်ခိုက်မှုများဖြစ်ကြောင်း ဆီးရီးယား ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

စစ်ထောက်လှမ်းရေး အဆောက်အအုံတစ်လုံးအား ပစ်မှတ်ထားလုပ်ဆောင်ခဲ့ခြင်းဖြစ်ဖွယ်ရှိသော ပုံးပေါက်ကွဲမှုများ ကြောင့် လူပေါင်း ၃၇၀ ကျော်ဒဏ်ရာရခဲ့ကြောင်း ဆီးရီးယား ပြည်ထဲရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပုံးခွဲတိုက်ခိုက်ရာတွင် အသုံးပြုခဲ့သော ဖောက်ခွဲရေး ပစ္စည်းများ၏ အလေးချိန်သည် ကီလိုဂရမ် ၁၀၀၀ (ပေါင် ၂၂၀၀) ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။



**ဆီးရီးယားနိုင်ငံ ဒမတ်စကပ်မြို့တွင် မေ ၁၀ ရက်က အသေခံ ပုံးခွဲတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်ကို တွေ့ရစဉ်။**

ဆီးရီးယားသမ္မတ ဘာရှားအာဆတ် အပေါ်သစ္စာစောင့် သိသော တပ်ဖွဲ့များက တင်းတင်းကျပ်ကျပ် ထိန်းချုပ်ထားသော်လည်း ဒမတ်စကပ်မြို့လယ်၌ ပြည်တွင်းမငြိမ်သက်မှုဖြစ်ပွားခဲ့ သည့် ကာလတစ်လျှောက်လုံး ပုံးခွဲတိုက်ခိုက်မှု အများအပြား ဖြစ်ပွားခဲ့ရသည်။

ယနေ့ဖြစ်ပွားသည့် ပုံးခွဲတိုက်ခိုက်မှုများအတွက် တာဝန်ရှိကြောင်း မည်သည့်အဖွဲ့အစည်းကမျှ ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ပေ။

သို့ရာတွင် ယခင်ဖြစ်ပွားခဲ့ဖူးသော ပုံးခွဲတိုက်ခိုက်မှုများ အတွက် ၎င်းတို့တွင် တာဝန်ရှိကြောင်း အယ်လ်ခိုင်ဒါသြဇာခံ အုပ်စုတစ်စုက ထုတ်ဖော်ပြောကြားခဲ့ဖူးရာ ဆီးရီးယားပြည်တွင်း ပဋိပက္ခအတွင်း အကြမ်းဖက်ဝါဒီများ စိမ့်ဝင်၍ အမြတ်ထုတ်နေ သည့်အရေးကို စိုးရိမ်နေရကြောင်း သိရသည်။ အင်တာနက်။

# နေမျက်နှာပြင်ပေါ်မှ နေပြောက်ကွက်ကြောင့် အင်အားပြင်း နေပေါက်ကွဲမှုများဖြစ်ပေါ်နိုင်



**ဝါရှင်တန် မေ ၁၀**

နေ၏ မျက်နှာပြင်ပေါ်၌ အရွယ်အစားအလွန်ကြီးမား သော နေပြောက်ကွက်အစုအဝေးတစ်ခု ဖြစ်ပေါ်လျက်ရှိရာ မကြာမီကာလအတွင်း အင်အားပြင်းထန်သည့် နေမုန်တိုင်းများ ပေါ်ပေါက်လာဖွယ်ရှိကြောင်း မေ ၉ ရက် သတင်းများတွင် ဖော်ပြထားသည်။

အေအာရ် ၁၄၇၆ ဟူ၍ သိရှိထားသည့် ယင်းနေပြောက် ကွက် အစုအဝေးကြီး၏ အဆုံးတစ်ဖက်နှင့် တစ်ဖက် အကွာ အဝေးသည် မိုင် ၆၀၀၀၀ ကျော် (ကီလိုမီတာ ၁၀၀၀၀၀)ရှိပြီး ကမ္ဘာမြေ၏ အရွယ်အစားထက် ၁၁ ဆမျှ ပိုမိုကြီးမားကြောင်း သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။

အေအာရ် ၁၄၇၆ ၌ နေပေါက်ကွဲမှုဖြစ်စဉ်နှစ်ရပ် ပေါ်ပေါက်လျက်ရှိရာ ယင်းပေါက်ကွဲမှုများကြောင့် ထွက်ပေါ်လာ သော လျှပ်စစ်ဓာတ်ဆောင်အမှုန်တိမ်တိုက်များသည် မေ ၉ ရက်နှောင်းပိုင်းတွင် ကမ္ဘာမြေသို့ ရောက်ရှိလာနိုင်ကြောင်း သိရသည်။

နေပေါက်ကွဲမှုများမှ ထွက်ပေါ်လာသော လျှပ်စစ်ဓာတ် ဆောင် အမှုန်တိမ်တိုက်များကြောင့် ကမ္ဘာ့လတ္တီတွဒ် အမြင့်ပိုင်း ဒေသများ၌ ဘူမိသံလိုက်လှိုင်းမုန်တိုင်းများနှင့် ဝင်ရိုးစွန်း အလင်းရောင်များ ဖြစ်ပေါ်လာနိုင်ကြောင်း အမေရိကန် ပြည်ထောင်စု အမျိုးသားသမုဒ္ဒရာလေ့လာတိုင်းတာရေးနှင့် ရေထုလေထုစီမံခန့်ခွဲရေးအေဂျင်စီက သတင်းထုတ်ပြန်ခဲ့သည်။

သို့ရာတွင် ဆက်သွယ်ရေးဂြိုဟ်တုများနှင့် အခြား အီလက်ထရွန်နစ် ကိရိယာများအပေါ် အကျိုးသက်ရောက်မှု မရှိနိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

ပြင်းထန်သော သံလိုက်စွမ်းအင်လှုပ်ရှားမှုများကြောင့် နေမျက်နှာပြင်ပေါ်၌ နေပြောက်ကွက်များ ယာယီဖြစ်ပေါ် လေ့ရှိသည်။

မောင်မျိုး

# ၂၀၁၄ ကမ္ဘာ့ဖလားအတွက် ဘရာဇီးနိုင်ငံ၏ ပြင်ဆင်မှုများ ဖီဖာစိုးရိမ်နေ

**ဇူးရစ် မေ ၁၀**

၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် ဘရာဇီး နိုင်ငံ၏ကြိုတင်ပြင်ဆင်မှုများနှင့်ပတ်သက်၍ ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်(ဖီဖာ)အနေဖြင့် စိုးရိမ်ကြောင့်ကြရဖွယ် မရှိကြောင်း ဘရာဇီးအားကစားဝန်ကြီးဌာန ဝန်ကြီး အယ်လ်ဒိုရီဘယ်လိုက မေ ၈ ရက်တွင် ပြောကြားခဲ့သည်။

၂၀၁၃ ခုနှစ် ကွန်ဖက်ဒရေးရှင်းဖလား(ကမ္ဘာ့တိုက်ကြီးများ ဖလား) ဘောလုံးပြိုင်ပွဲကျင်းပချိန်ထိတိုင် ဘရာဇီးနိုင်ငံ၏ အားကစားကွင်းအချို့သည် အချိန်မီအဆင်သင့်ဖြစ်နေမည် မဟုတ်ကြောင်း ဖီဖာတာဝန်ရှိသူများက ယူဆထားသည်။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအား အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသွားမည့် ဘရာဇီးနိုင်ငံအတွက် ၂၀၁၃ ခုနှစ် ကွန်ဖက်ဒရေးရှင်းဖလားသည် အဓိကကျသော အစမ်း လေ့ကျင့်မှုတစ်ရပ်ဖြစ်သည်။

နိုင်ငံ၏သမိုင်း၌ အခမ်းနားဆုံးပြိုင်ပွဲတစ်ရပ်ဖြစ်လာမည့် ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် အားကစား ကွင်းသစ်များ ထပ်မံဆောက်လုပ်ခြင်းနှင့် ကွင်းဟောင်းများ ပြန်လည်မွမ်းမံခြင်းတို့အတွက် ဘရာဇီးနိုင်ငံက အမေရိကန် ဒေါ်လာ ဘီလီယံပေါင်းများစွာ သုံးစွဲထားသည်။

ယင်းအပြင် ဘရာဇီးနိုင်ငံသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် လေဆိပ်များနှင့် ကားလမ်းများကိုလည်း ငွေကုန်ကြေးကျခံကာ တည်ဆောက် ပြုပြင်ခဲ့သည်။

သို့ရာတွင် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် ဘရာဇီး နိုင်ငံ၏ ကြိုတင်ပြင်ဆင်မှုများသည် အဆင်သင့်ဖြစ်သင့်သည့် ကာလထက် နောက်ကျနေသေးကြောင်း လေ့လာသူများက ယူဆထားသည်။

ဘရာဇီးနိုင်ငံ၏အကြီးဆုံးနှင့် အထင်ရှားဆုံးဖြစ်သည့် မာရာကာနာ အားကစားကွင်းသည် ၂၀၁၃ ခုနှစ် ဇွန်လ ၃၀ ရက်တွင် ကျင်းပမည့် ကွန်ဖက်ဒရေးရှင်းဖလား ဘောလုံးပြိုင်ပွဲ၏ အပိတ်ပွဲစဉ်အမီ ပြင်ဆင်မွမ်းမံမှုများ အပြီးသတ်နိုင်ဖွယ် မရှိကြောင်း သိရသည်။

အင်တာနက်။



# သိပ္ပံသုတေသနလုပ်ငန်းများအတွက် လူမနေသော သက်မဲ့မြို့ အမေရိကန်ပြည်ထောင်စု၌ တည်ဆောက်မည်

ဟော့ဘ်(နယူးမက္ကဆီကို) မေ ၁၀

**သိပ္ပံပညာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် အမေရိကန်ဒေါ်လာ ၁ ဘီလီယံ ကုန်ကျမည့် သက်မဲ့တစ္ဆေမြို့တစ်မြို့ကို အမေရိကန်ပြည်ထောင်စု၌ တည်ဆောက်သွားမည်ဖြစ်ကြောင်း မေ ၉ ရက်သတင်းများတွင် ဖော်ပြသည်။**

ယင်းမြို့ကို လူဦးရေ ၃၅၀၀၀ နေထိုင်နိုင်သည့် မြို့တစ်မြို့ အဖြစ် ပုံစံထုတ်တည်ဆောက်မည်ဖြစ်ကာ လမ်းမများ၊ လူနေအိမ် များနှင့် စီးပွားရေးဆိုင်ရာ အဆောက်အအုံများ ထည့်သွင်းထား မည်ဖြစ်သော်လည်း လူတစ်ဦးတစ်ယောက်မျှ နေထိုင်လိမ့် မည်မဟုတ်ပေ။



**အမေရိကန် ပြည်ထောင်စု နယူးမက္ကဆီကိုပြည်နယ် လူမဲ့တစ္ဆေမြို့ တည်ဆောက်ရေး စီမံကိန်း လုပ်ငန်းခွင်။**

နယူးမက္ကဆီကိုပြည်နယ်၌ တည်ဆောက်မည့် အဆိုပါ တစ္ဆေမြို့တော်ကို ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကဏ္ဍဆိုင်ရာ တီထွင်ကြံဆမှုများအား သုတေသနပြုလုပ်ရာတွင် အသုံးပြုသွား ရန် သိပ္ပံပညာရှင်များက မျှော်လင့်ထားသည်။

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍဆိုင်ရာ တီထွင်ဖော် ထုတ်မှုများ၏ အကျိုးဆက်များအား စမ်းသပ်ရာတွင် မည်သူ့ကိုမျှ ထိခိုက်စေခြင်းမရှိဘဲ စမ်းသပ်လိုသည့် ရည်ရွယ်ချက်ဖြင့် လူမနေ သည့် တစ္ဆေမြို့တော်အား တည်ဆောက်ရခြင်း ဖြစ်ကြောင်း တည်ဆောက်ရေးလုပ်ငန်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အလုပ်အကိုင်နေရာ ၃၅၀ မျှ ဖန်တီးပေးနိုင်မည့် တစ္ဆေမြို့ တည်ဆောက်ရေးစီမံကိန်းကို ဇွန် ၃၀ ရက်တွင် စတင်နိုင်ရန် စီစဉ်ထားသည်။

အမေရိကန်ပြည်ထောင်စု၌ လူသူများနေထိုင်ခြင်းမရှိသော တစ္ဆေမြို့များ ပေါ်ပေါက်မှုသည် အဆန်းတကြယ်မဟုတ်ပေ။ အစဉ်အလာအရ မြို့တည်ရှိရာဒေသအား ထောက်ကန်ပေး ထားသည့် စက်မှုလုပ်ငန်းများ ပြိုပျက်ခဲ့ခြင်းကြောင့် လူသူများ စွန့်ခွာသွားရသည့် မြို့ဟောင်းများစွာတို့ကို အမေရိကန် ပြည်ထောင်စု၌ တွေ့မြင်နိုင်သည်။

အင်တာနက်။

# ကျေးလက်ဒေသဖွံ့ဖြိုးရေး မွေးသမတွေ တိုးချဲ့ပေး

**မောင်အောင်(မွေးကု)**

"အေး ငါ့တူကြီးတို့လည်း မတွေ့တာကြာပြီ၊ အတော်အလုပ်များနေပုံရတယ်"

အမေ့ရွာသို့ မရောက်တာကြာပြီဖြစ်သော ကျွန်တော့်ကို ဦးကြီးက တွေ့တွေ့ချင်း ပဋိသန္ထာရပြုလိုက်ခြင်း ဖြစ်သည်။

"ဟုတ်ပါတယ် ဦးကြီး၊ ကျွန်တော်တို့ ကျေးရွာတွေဆင်းပြီး မွေးမြူရေးသမဝါယမအသင်းတွေ ဖွဲ့စည်းဖို့ ဆွေးနွေးနေကြလို့ပါ"

"အေး ကောင်းတယ်ကွာ။ တကယ်တော့ ဒို့နိုင်ငံက လယ်ယာစိုက်ပျိုးရေးကို အခြေခံတဲ့ နိုင်ငံဆိုပေမယ့် တကယ်တမ်းကျတော့ မင်းတို့သိတဲ့အတိုင်း စိုက်ပျိုးရေးက ရာသီသီးနှံကွ။ သူ့ရာသီနဲ့ သူစိုက်ရတာ၊ သီးနှံလည်း သူ့သက်တမ်းနဲ့သူ ဝင်ငွေဖြစ်တာ။ သီးနှံတစ်ခုပေါ်အောင် စောင့်ရတဲ့အချိန်မှာ ဒို့တောင်သူလယ်သမားတွေ ငွေလိုတယ်။ အဲဒီအချိန်မှာ မွေးမြူရေးလေး ဖက်ပြီးလုပ်ထားလိုက်ရင် မွေးမြူရေးက ဝင်ငွေရမယ်။ စိုက်ပျိုးရေးနဲ့ မွေးမြူရေးဆိုတာ လုပ်သင့်တဲ့ လုပ်ငန်းနှစ်ခုပဲ"။

"ဟုတ်ပါတယ် ဦးကြီး၊ စိုက်ပျိုးရေးက ဘေးထွက်ပစ္စည်းတွေက မွေးမြူရေးတိရစ္ဆာန်တွေအတွက် အစာဖြစ်တယ်။ ယုတ်စွအဆုံး စပါးကထွက်တဲ့ကောက်ရိုး၊ ရိုးပြတ်တွေက ကျွဲနွားအစာဖြစ်တယ်၊ ပဲရိုး၊ ပဲမှော်တွေအားလုံး နွားကျွေးလို့ရတယ်။ ပဲ၊ နှမ်း၊ ဆီကြိတ်ပြီးယင်၊ ပဲဖတ်၊ နှမ်းဖတ်က တိရစ္ဆာန်တွေအတွက် တန်ဖိုးရှိတဲ့အစာပဲ။ ပြီးတော့ စပါးကြိတ်လို့ထွက်တဲ့ ဆန်ကွဲနဲ့ ဖွဲနုတွေကလည်း တိရစ္ဆာန်အစာအဖြစ် သုံးလို့ရတယ်။ အဲဒီလို စိုက်ပျိုးရေးကထွက်တဲ့ ဘေးထွက်ပစ္စည်းတွေက အစာဖြစ်သလို တိရစ္ဆာန်တွေရဲ့ အညစ်အကြေး၊ ကျွဲချေး၊ နွားချေး၊ ဝက်ချေး၊ ကြက်ချေးတွေကလည်း စိုက်ပျိုးရေးအတွက် အကောင်းဆုံးမြေသြဇာပဲ၊ အဲဒါကြောင့် စိုက်ပျိုးရေးနဲ့ မွေးမြူရေးက တွဲပြီးလုပ်သင့်တယ်လို့ ပြောတာ"

"အေး မင်းပြောတာမှန်သကွ။ အေး ဒါပေမယ့် တို့ဘာသာ တစ်ဦးချင်းမွေးနေတာ ဟုတ်ရဲ့သားနဲ့၊ မင်းတို့က ဘာ့ကြောင့် သမဝါယမဖွဲ့ချင်ရတာလဲ။ သမဝါယမဆို ငါတို့က ကြားတောင်မကြားချင်ဘူး။ ဘာတုံး ဟိုတုန်းကပြောခဲ့တာ ရှိတယ်လေ။ သား၀၊ မယား၀ဆိုလား"

ဦးကြီးက မျက်နှာကြီးရှုံ့မဲ့၍ ဆိုလာသည်။

"ဟုတ်ပါတယ်၊ ဦးကြီး သမဝါယမက လုပ်တဲ့စနစ်ကောင်းပါလျက်နဲ့ ကျင့်သုံးအကောင်အထည်ဖော်တဲ့လူတွေ မဟုတ်လို့ ဟိုတုန်းက နာမည်ပျက်ခဲ့တာပါ။ တကယ်တော့ သမဝါယမစနစ်ဟာ အလွန်ကောင်းပါတယ်။ လောလောဆယ် ကျွန်တော်တို့လုပ်တာက သမဝါယမသဘောမျိုး အစုအဖွဲ့တွေ စုဖွဲ့တာပါ။ စိတ်တူ ကိုယ်တူ၊ ဆန္ဒတူသူတွေ၊ ရည်ရွယ်ချက် ခံယူချက်တူသူတွေကို စုဖွဲ့ကြမယ်။ ဒီလိုစုဖွဲ့ခြင်းအားဖြင့် တစ်ဦးချင်း တစ်ယောက်ချင်းထက်ပိုပြီး အင်အားရှိလာမယ်"

"ဆိုလိုတာက လူတစ်ယောက်မှာ နို့စားနွားမ နှစ်ကောင်မွေးမယ်။ နို့ ငါးပိဿာရမယ်ဆိုလျှင်၊ လူ ၁၀ ယောက်စုဖွဲ့လျှင် နို့စားနွားမ အကောင် ၂၀ ရှိလာပြီး နို့ပိဿာ ၅၀ ရလာမယ်။ ဒီတော့ ကုန်ထုတ်လုပ်တဲ့ အစုအဖွဲ့ဖြစ်လာမယ်။ နို့ ငါးပိဿာထဲ ရောင်းတယ်၊ ဝယ်တယ်ဆိုလျှင် ဈေးကွက်မရှိဘူး။ နို့ပိဿာ ၅၀ ဆိုလျှင် ဈေးကွက်ရှိလာမယ်။ ဝယ်ချင်တဲ့လူအတွက်လည်း ထိထိမိမိ ဝယ်လို့ရသလို ရောင်းချင်တဲ့လူအတွက်လည်း ပြည့်ပြည့်ဝဝ ဖြစ်လာမယ်။ နောက်တစ်ခါ လုပ်တဲ့လုပ်ငန်းက အတူတူဖြစ်တဲ့အတွက်ကြောင့် နွားနှစ်ကောင်ဆိုလည်း လူတစ်ယောက်ကျောင်းရမယ်။ နွားအကောင် ၂၀ ဆိုလည်း လူတစ်ယောက်ပဲ ကျောင်းရတာကြောင့် လုပ်အားသက်သာမယ်။ ကိုယ်တစ်ယောက်ထဲဆိုလျှင် နို့ ငါးပိဿာကိုလည်း လူတစ်ယောက်သွားပြီး ရောင်းရမယ်။ အစုအဖွဲ့ စုဖွဲ့ထားလျှင် တစ်ယောက်ချင်းသွားရောင်းစရာမလိုဘဲ တစ်ယောက်က တာဝန်ယူပြီး ရောင်းပေးလို့ရတာကြောင့် လုပ်အားလည်း သက်သာမယ်။ ဒါ့အပြင် ကိုယ့်နွားမကို သားစပ်ချင်လျှင် နွားသိုးတစ်ကောင် မွေးထားရမယ်။ အစုအဖွဲ့ ဖွဲ့ထားလျှင် အစုအဖွဲ့တစ်ဖွဲ့မှာ နွားသိုးတစ်ကောင်ရှိလျှင် လုံလောက်နေပြီ။"

"ဒါတင်မကသေးဘူး ဦးကြီးရဲ့။ ကိုယ့်နွားတွေ ကာကွယ်ဆေးထိုးချင်တယ်ဆိုလျှင် အစုအဖွဲ့အနေနဲ့ တိရစ္ဆာန်ကုဆရာဝန်ကို တစ်ကြိမ်တည်းခေါ်လို့ရတယ်။ အစုအဖွဲ့မှာရှိတဲ့ နွားတစ်အုပ်လုံး တစ်ကြိမ်တည်း ဆေးထိုးလို့ရတယ်။ တိရစ္ဆာန်ဆေးကုဆရာဝန်အတွက်လည်း တစ်ကြိမ်တည်းနဲ့ ကောင်ရေများများ ထိုးနိုင်သလို နွားပိုင်ရှင်တွေအတွက်လည်း တိရစ္ဆာန်ဆေးကုဆရာဝန် ခေါ်ရတဲ့စားရိတ် သက်သာတာပေါ့။"

"မင်းပြောတာတော့ ဟုတ်ပါတယ်ကွာ။ ဒါပေမယ့် အစုအဖွဲ့မှာရှိတဲ့ လူတွေက ညီညွတ်ဖို့လိုသကွ။ အဲနောက်ပြီး ဒီပြင်ရော ဘာအကျိုးကျေးဇူးတွေ ရနိုင်သေးလဲ"

ဦးကြီးက တဖြည်းဖြည်း ကျွန်တော့်ဘက်ပါလာသည်။

"ဦးကြီးပြောတာ သိပ်ပြီးမှန်တာပေါ့။ အစုအဖွဲ့မှာရှိတဲ့လူတွေ ညီညွတ်ဖို့၊ ဒါကြောင့် ကျွန်တော်အစကတည်းက ပြောတာပေါ့။ စိတ်တူကိုယ်တူ ရည်ရွယ်ချက်တူသူတွေ၊ ယုံကြည်ချက်တူသူတွေ စုဖွဲ့သင့်တာပါလို့။ နောက်ထပ်ပြီး ရနိုင်တဲ့ အကျိုးကျေးဇူးကတော့ မွေးမြူရေးဘဏ်တို့၊ သမဝါယမဘဏ်တို့ကနေ ငွေချေးချင်ရင် အာမခံပစ္စည်းတင်စရာမလိုဘဲ ဝိုင်းကြီးချုပ်စနစ်နဲ့ ချေးလို့ရတယ်။"

"အေး အဲဒါတော့ စိတ်ဝင်စားတယ်ကွ။ ဝိုင်းကြီးချုပ်စနစ်ဆိုတာ ဘာတုန်း"

"ဝိုင်းကြီးချုပ်စနစ်ဆိုတာ အစုအဖွဲ့ထဲမှာပါတဲ့ လူအချင်းချင်းပြန်ပြီး အာမခံရတဲ့စနစ်ပဲ။ အကြောင်းကြောင်းကြောင့် ဒီအဖွဲ့ထဲမှာပါတဲ့ လူတစ်ယောက်ချေးငွေပြန်ပြီး မဆပ်နိုင်လျှင် ကျန်တဲ့လူတွေ ဝိုင်းပြီးဆပ်ပေးရတဲ့စနစ်ပဲ။ အာမခံပစ္စည်းမတင်ရလို့ ချေးတဲ့လူတွေအတွက် အလွယ်တကူချေးလို့ရတာကြောင့် အကျိုးရှိသလို အကြောင်းကြောင်းကြောင့် မဆပ်နိုင်လျှင် အာမခံတဲ့လူတွေဝိုင်းပြီး လျော်ရတာကြောင့် ဘဏ်အတွက်လည်း မဆုံးရှုံးစေနိုင်တဲ့ စနစ်တစ်ခုပဲ"

"အေး ကောင်းတယ်ကွာ။ ဒီလိုဆိုရင်တော့ ဒို့ရွာမှာလည်း အစုအဖွဲ့တွေ စုဖွဲ့ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးတွေ လုပ်ခိုင်းရမှာပဲ။ အဲ ဒါနဲ့ နေစမ်းပါအုံး၊ မင်းတို့ မိတ္ထီလာဘက်မှာ မွေးမြူရေးသမဝါယမအသင်းတွေ၊ အစုအဖွဲ့တွေ ဖွဲ့ပေးနေတယ်ကြားတယ်။ အဲဒီမွေးမြူရေးအစုအဖွဲ့တွေက ဒို့နွားမွေးသမားတွေအတွက် ဘာလုပ်ပေးမှာလဲ"

ဦးကြီးက စိတ်ဝင်တစားမေးလာသည်။

"ကျွန်တော်တို့ ပထမဆုံးဖွဲ့ပေးတာက ကျေးရွာနို့ကုန်ထုတ်သမဝါယမအသင်းလေးတွေပဲ ဦးကြီး။ ကျေးရွာတွေမှာ နို့စားနွားမွေးတဲ့ ကောင်ရေအပေါ်မှာ မူတည်ပြီး ကျေးရွာနို့ကုန်ထုတ်သမဝါယမအသင်း ဖွဲ့ပေးမယ်။ အဲဒီအသင်းကနေပြီး အသင်းဝင်တွေရဲ့ နွားနို့ကို သတ်မှတ်တဲ့ဈေးနဲ့ ဝယ်မယ်။ နို့နည်းတာများတာ အဓိက မဟုတ်ဘူး။ ၅၀ ကျပ်သားလည်း ဝယ်မယ်၊ တစ်ပိဿာ၊ နှစ်ပိဿာလည်း ဝယ်မယ်။ ဝယ်တဲ့နို့တွေကို စုပြီး အဲဒီသမအသင်းက နို့ချက်စက်ရုံကို ပို့ပေးမယ်။ နို့အရေအတွက်များလျှင် ကိုယ့်ဘာသာ နို့ဆီချက်တဲ့လုပ်ငန်းထူထောင်မယ်"။

"အဲဒီကျေးရွာ နို့ကုန်ထုတ်သမဝါယမအသင်းကနေပြီး နွားမွေးတောင်သူတွေကို နွားစာ၊ အစာနု၊ နှမ်းဖတ်၊ ပဲဖတ်၊ ဝါစေ့ဖတ် ရောင်းပေးမယ်။ ကိုယ့်အဖွဲ့ထဲမှာပါတဲ့ နွားမတွေ မေထုန်မဲ့သားစပ်ချင်တာ၊ ကာကွယ်ဆေးထိုးချင်တာ၊ မကျန်းမာလို့ ဆေးဝါးကုသချင်တာကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနဲ့ ဆက်သွယ်ပြီး ဆောင်ရွက်ပေးမယ်။"

"မင်းပြောပုံဖြင့် နွားမွေးသမားတွေက အေးအေးဆေးဆေးပေါ့။ အစာလည်းအဆင်သင့်၊ နို့မရောင်းရမှာလည်း မပူရ။ သားစပ်ချင်တယ်ဆိုလျှင်လည်း လုပ်ပေးဦးမှာ ဆိုတော့ ဒို့ရွာမှာတောင် အစုအဖွဲ့ ဖွဲ့ချင်လာပြီ"

"ဒါတင်မကသေးဘူး ဦးကြီးရဲ့။ ဒီမွေးမြူရေးသမကနေ တစ်ဆင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနဲ့ ဆက်သွယ်ပြီး အခြေခံမွေးမြူရေးသင်တန်းလေးတွေဖွင့်ပေးမယ်။ ဒါ့အပြင် ကျွန်တော်တို့ ကျွဲ၊ နွားတွေအတွက် အရေးအကြီးဆုံးက စားကျက်မြေ ရရှိရေး၊ စားကျက်မှာ မြက် မျိုးကောင်းမျိုးသန့် စိုက်ပျိုးရေးနဲ့ စားကျက်ကို နွားမွေးသမားတွေ အကျိုးရှိရှိ အသုံးချနိုင်အောင် အလှည့်ကျရိတ်ကျွေးဖို့ စီမံခန့်ခွဲပေးဦးမှာ။ ဒါ့အပြင် နို့ကနေ မလိုင်တို့ ထောပတ်တို့ ဒိန်ချဉ်တို့ လုပ်တဲ့ သင်တန်းတွေလဲ ပေးဦးမှာ။ အဲဒီတော့ ဘာလိုသေးတော့လဲ ဦးကြီးရယ်"

"အေး ဒို့နိုင်ငံမှာက လူအင်အားတွေရှိတယ်။ တချို့ ၁၀ တန်းအောင်တယ်၊ တချို့ ၁၀ တန်းမအောင်ဘူး၊ တချို့ ဘွဲ့ရတယ်။ တချို့ဘွဲ့မရဘူး။ ဘွဲ့ရတဲ့လူပဲဖြစ်ဖြစ်၊ ဘွဲ့မရတဲ့လူပဲဖြစ်ဖြစ်၊ ဌာနဆိုင်ရာအလုပ်ကို ထိုင်စောင့်နေလို့မရဘူး။ ဒို့နိုင်ငံမှာ ရေရှိတယ်၊ မြေရှိတယ်။ စိုက်ပျိုးလို့၊ မွေးမြူလို့ အကျိုးဖြစ်ထွန်းတဲ့ ရာသီဥတုလည်းအခြေအနေပေးတယ်။ ဒီတော့ ဒို့တစ်တွေ အလုပ်လုပ်ဖို့လိုတယ်။

ဒို့နိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းက တောမှာနေကြတယ်။ လက်ရှိ ဒို့နိုင်ငံရဲ့ ဆင်းရဲမှုရာခိုင်နှုန်းက ၂၆ ရာခိုင်နှုန်းရှိတယ်။ ဒါကို အစိုးရက ၂၀၁၅ ခုနှစ်မှာ ၁၆ ရာခိုင်နှုန်းအထိ လျှော့ချဖို့ ကြိုးစားနေတယ်။ အဲဒါအစိုးရကိုချည်း အားကိုးနေလို့မရဘူး။ နိုင်ငံခြားကလာပြီး ရင်းနှီးမြှုပ်နှံမှာကို မျှော်နေလို့မရဘူး။ ဒို့တစ်တွေ အလုပ်လုပ်ကြရမယ်။ စိုက်ရမယ်၊ မွေးရမယ်။ မင်းအခုပြောတဲ့ ကျေးလက်မွေးမြူရေးကုန်ထုတ်သမဝါယမ အသင်းတွေဖွဲ့ပြီး ထိထိရောက်ရောက် အလုပ်လုပ်ကြရင် ဒို့ကျေးလက်ကလူတွေ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှာ မလွဲဘူး။ ဒီတော့ မင်းတို့ ကျေးလက်မွေးမြူရေးသမဝါယမအသင်းတွေ မြန်မြန်ဖွဲ့ဖို့ ထိထိရောက်ရောက်လုပ်ဖို့ ပြောချင်တယ်ကွာ။"

သည်တစ်ခါတော့ ဦးကြီး၏ စကားကို ပါးစပ်ပဟောင်းလောင်းဖြင့် နားထောင်ရသူမှာ ကျွန်တော်ပင်ဖြစ်ပါသည်။

ကျွန်တော်တို့ ကျေးလက်မွေးမြူရေးကုန်ထုတ်သမဝါယမအသင်းတွေ တိုးချဲ့ဖွဲ့စည်းရပါဦးမည်။ ။

# သီရိပျံချီ ဦးထွန်းနေလင်းအား ဘရာဇီး သံအမတ်ကြီးအဖြစ်ခန့်အပ်

**နေပြည်တော်　　　မေ　　　၁၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သီရိပျံချီဦးထွန်းနေလင်းအား ဘရာဇီးဖယ်ဒရယ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)




**မြန်မာ-ပိုလန် စီးပွားရေးဆွေးနွေးပွဲဖွင့်ပွဲတွင် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းဥက္ကဋ္ဌ ဦးစိုးမြင့်နှင့် AGH University of Science & Technology, Poland မှ Dr. Michal Krobicki တို့ နားလည်မှုစာချွန်လွှာ (MOU)ကို လက်မှတ်ရေးထိုးကြစဉ်။** (သတင်းစဉ်)

# မြန်မာ-ပိုလန် စီးပွားရေးဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန်　　မေ　　၁၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ပိုလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတို့က ကြီးမှူးကျင်းပသည့် မြန်မာ-ပိုလန် စီးပွားရေးဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ပိုလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး H.E. Mr. Radoslaw Sikorski နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းဥက္ကဋ္ဌ ဦးစိုးမြင့်နှင့် AGH University of Science & Technology, Poland မှ Dr. Michal Krobicki တို့က နားလည်မှုစာချွန်လွှာ (MOU)ကို လက်မှတ်ရေးထိုးကြပြီး ဆွေးနွေးပွဲကို ဆက်လက်ကျင်းပသည်။ (သတင်းစဉ်)

## နိုင် ငံ တ ကာ အ နု ပ ညာ ရပ် ဝန်း

**အောဝမ်းစိုး**

### ဂျက်ကီချန်း၏သား ဂျေစီးချန်းအကြောင်း တစေ့တစောင်း



ကမ္ဘာကျော်ဟောင်ကောင် အက်ရှင်မင်းသား ဂျက်ကီချန်းနှင့် တရုတ် (တိုင်ပေ) မင်းသမီး လင်ဖန်ဂျီအိုတို့က ဂျေစီးချန်းကို အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်မြို့တွင် ၁၉၈၂ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် မွေးဖွားကြီးပြင်းခဲ့သည်ဟု ဂျေစီးချန်း၏ အတ္ထုပ္ပတ္တိတွင် ဖော်ပြထားသည်။

သို့သော် ဂျက်ကီချန်း၏ အတ္ထုပ္ပတ္တိအပါအဝင် အခြားသတင်းအရင်းအမြစ်များတွင် ဂျေစီးချန်း၏ မွေးသက္ကရာဇ်နှင့်ပတ်သက်၍ ကွဲလွဲချက်များရှိနေသည်။ ဂျက်ကီချန်း၏ အတ္ထုပ္ပတ္တိတွင် ၎င်းတို့ဇနီးမောင်နှံမှာ ၁၉၈၃ ခုနှစ်တွင် လက်ထပ်ခဲ့ပြီး ဂျေစီးကို ၁၉၈၄ ခုနှစ်တွင် မွေးဖွားသည်ဟု ဖော်ပြထားသကဲ့သို့ ဂျက်ကီချန်း၏ တရားဝင်ဝက်ဘ်ဆိုက်တွင်လည်း ၎င်းတို့ဇနီးမောင်နှံ ၁၉၈၂ ခုနှစ်တွင် လက်ထပ်ခဲ့သည်ဟု ဆိုထားပြန်သည်။

ဂျေစီးသည် အမေရိကန်နိုင်ငံ ဗာဂျီးနီးယားပြည်နယ် ဝီလျံစ်ဘာ့ဂ်မြို့ရှိ ဝီလျံအန်မေရီကောလိပ်သို့ နှစ်နှစ်ခန့် တက်ရောက်၍ ဂီတအနုပညာများ လေ့လာလိုက်စားခဲ့သော်လည်း ဘွဲ့မရရှိခဲ့ပေ။

ဂျေစီးသည် ၂၀၀၃ ခုနှစ်တွင် အဆိုပါကျောင်းမှ နုတ်ထွက်ခဲ့ပြီး ဟောင်ကောင်သို့ ပြန်လာခဲ့သည်။ ဂျေစီးသည် တေးအယ်လ်ဘမ်နှင့် ရုပ်ရှင်ကားများ ထုတ်လုပ်ခဲ့သော်လည်း အောင်မြင်မှုမရခဲ့ပေ။ ဂျေစီးသည် တစ်နေ့တွင် အောင်မြင်မှုရလိမ့်မည်ဟု ယုံကြည်နေသည်။

Little Big Soldier ဇာတ်ကားတွင် ဖခင်ဂျက်ကီချန်းနှင့် တွဲဖက်သရုပ်ဆောင်ရန် ဂျီအန်လင်းက တိုက်တွန်းခဲ့သော်လည်း ဂျက်ကီချန်းက ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့သည်။ ထိုအချိန်မှစ၍ ဂျေစီးသည် ဖခင်ဂျက်ကီချန်းနှင့် တွဲဖက်သရုပ်ဆောင်ရန် ထပ်ဖန်တလဲလဲပူဆာခဲ့သောကြောင့် ဂျက်ကီချန်း၏ ဇာတ်ကားများတွင် ၁၀၀ မြောက် ဇာတ်ကားဖြစ်သည့် ၁၉၁၁ အမည်ရှိ ဇာတ်ကားတွင် အတူယှဉ်တွဲ သရုပ်ဆောင်ခွင့်ရခဲ့သည်။

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ၂၀၁၁ ခုနှစ် ဧပြီလအတွင်း ကျင်းပခဲ့သည့် ဆုပေးပွဲအခမ်းအနားတစ်ခုတွင် ဂျက်ကီချန်းက ၎င်းပိုင်ဆိုင်သည့် ပစ္စည်းဥစ္စာငွေများကို ၎င်းကွယ်လွန်သည့်အခါ အားလုံး လှူဒါန်းသွားမည်ဖြစ်ကြောင်း၊ ဂျေစီးအနေဖြင့် သူ၏ဝင်ငွေနှင့် ရပ်တည်နိုင်အောင် သက်သေပြရမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ဂျေစီးသည် ၂၀၀၄ ခုနှစ်မှစ၍ အနုပညာလောကသို့ ခြေစုံပစ်ဝင်ရောက်ခဲ့ပြီး ရုပ်ရှင်ဇာတ်ကားများတွင် ပါဝင်သရုပ်ဆောင်ခဲ့ပြီး တေးအယ်လ်ဘမ်တစ်ခုကို ထုတ်ဝေခဲ့သည်။ ဂျေစီးသည် အာရှ၏ မျက်နှာသစ်အမျိုးသားအဆိုတော်ဆုကိုလည်း ရရှိထားပြီဖြစ်သည်။ ၂၀၁၁ ခုနှစ် Kung Fu Panda 2 ကာတွန်းဇာတ်ကားတွင် နောက်ခံစကားပြောဖြင့် ပါဝင်အားဖြည့်ပေးခဲ့သည်။ ၂၀၀၉ ခုနှစ် အစောပိုင်းတွင် တရုတ်နိုင်ငံဝက်ဘ်ဆိုက်များက ဂျေစီးမှာ အမေရိကန်နိုင်ငံသား ခံယူထားမှုကို စွန့်လွှတ်ပြီး တရုတ်နိုင်ငံသားအဖြစ် ခံယူလိုက်ပြီဖြစ်ကြောင်း ရေးသားဖော်ပြကြသည်။

ဂျေစီး**(အပေါ်ပုံ)**သည် စန္ဒရား၊ ဘေ့စ်ဂစ်တာတို့ကို ကျွမ်းကျင်စွာ တီးခတ်နိုင်ပြီး အရေး၊ အဆိုလည်း ပိုင်နိုင်သူတစ်ဦးဖြစ်သည်။ ဂျေစီးသည် ယခုအခါ ဟောင်ကောင်နှင့် တရုတ်ပြည်မကြီးတွင် လူသိများလာသည့် အနုပညာရှင်တစ်ဦးဖြစ်သည်။ ဂျေစီးသည် အင်္ဂလိပ်စကား၊ ကန်တုံတရုတ်ဘာသာစကားနှင့် တရုတ်ပြည်မကြီးသုံး တရုတ်ဘာသာစကားတို့ကို ကျွမ်းကျင်စွာပြောဆိုနိုင်သည်။ ၎င်း၏ အနာဂတ်အနုပညာခရီးတွင် ဖခင်ဂျက်ကီချန်း၏ အောင်မြင်မှုကို မီအောင်စွမ်းဆောင်နိုင်မည်လားဆိုသည်ကို စောင့်ကြည့်ရဦးမည်ဖြစ်သည်။

***အင်တာနက်။***

## သူ့အမြင် သူ့အတွေး

# ပုဂ္ဂလိကအခန်းကဏ္ဍမှ ဝန်ထမ်းများလို မိမိတို့ဝန်ကို ထမ်းဖို့လိုပြီ

ဟိုးယခင်ကတည်းက ဖွင့်ထားသော ဘဏ်စာရင်းတစ်ခုတော့ အစိုးရဘဏ်တွင်ရှိသည်။ ယခုနောက်ပိုင်းကတော့ ကိုယ့်ကို ငွေလွှဲသည်ပဲဖြစ်ဖြစ်၊ ကိုယ်က ငွေလွှဲသည်ပဲဖြစ်ဖြစ်၊ ငွေစုစာအုပ်လုပ်တာပဲဖြစ်ဖြစ် ပုဂ္ဂလိကဘဏ်က စိတ်ချမ်းသာသည်။ မြန်သည်။ ချိုသာကြည်မြသည်။ ဖော်ရွေသည်။ သန့်ရှင်းမှု၊ သက်သောင့်သက်သာရှိမှု၊ လျင်မြန်မှုတို့ကိုလည်း တွေ့ရသည်။

တော်ရုံတန်ရုံတော့ အစိုးရဘဏ်များဘက် ခြေဦးမလှည့်ဖြစ်ခဲ့။ ပြီးခဲ့သည့်အပတ်ကတော့ နိုင်ငံခြားငွေ အနည်းငယ်လဲရန် ကိစ္စရှိလာသဖြင့် ယခင်ကအတိုင်း ရန်ကုန်ပို့၍လဲရန်စဉ်းစားပြီးမှ နေပြည်တော်မှာလည်း ဒီကိစ္စရှိနိုင်တာပဲဟု တွေးမိပြီး စုံစမ်းတော့ ဌာနဆိုင်ရာဘဏ်တစ်ခုတွင် လဲလို့ရကြောင်း သိလာရသည်။

တခြားသူလည်း မခိုင်းတော့ဘဲ ကိုယ်တိုင်လည်း အားနေသည်မို့ သွားဖြစ်သည်။ ပြောင်းလဲနေသော ခေတ်စနစ်နှင့်အညီ မလိုက်နိုင်သူများကို မှတ်မှတ်ထင်ထင်ဖြစ်မိသည်။

“မင်္ဂလာပါရှင်” ဟု အပေါက်ဝမှ ကြိုဆိုနှုတ်ဆက်သူ၏ အသံ၊ အပြုံးတို့က နွေးထွေးပျူငှာမှုလိုသေးသည်။ ငွေလဲသည့်နေရာတွင် ဆက်ဆံရသည်မှာလည်း “အဲဒီဖောင်ဖြည့်၊ ဇယားကွက်ထဲမှာ ဖြည့်စရာမလိုဘူး၊ ဒီအရွက်တွေ လဲလို့မရဘူး၊ ပိုက်ဆံရေမယ် ကြည့်ပါ. . . ”။ ဆက်ဆံပုံက အထက်စီးရောက်သည်။ မာထန်သည်။ သူတို့ဘာသာတော့ သတိပြုမိပုံမရဟု ထင်သည်။ သူတို့တစ်တွေ၏ ဆက်ဆံမှုမှာ ပုဂ္ဂလိကဘဏ်များတွင် တွေ့ရသည့် နွေးထွေးမှု၊ သက်သောင့်သက်သာရှိမှု၊ ဖော်ရွေမှု၊ မြန်ဆန်မှု၊ ချိုသာကြည်မြမှု. . . စသည်တို့အနက် တစ်ခုမျှမတွေ့ခဲ့ရ။

ဘဏ်သည် ဝန်ဆောင်မှုကိုဆောင်ရွက်နေခြင်း၊ မိမိတို့ဘဏ်သို့ တစ်ခေါက်မျှရောက်ဖူးသည်နှင့် တစ်သက်တာဆက်ဆံသွားလိုသည့် စိတ်ဆန္ဒဖြစ်သွားစေခြင်း၊ ဘဏ်နှင့် ထိတွေ့လုပ်ကိုင်နေသူများသည် မိမိတို့၏ ကျေးဇူးရှင်များဖြစ်သည်ဟု သတ်မှတ်ခံယူခြင်း. . . . စသည်ဖြင့် မိမိအလုပ်အပေါ် သစ္စာရှိပါမှ မိမိတို့ဘဏ် ရေရှည်တည်တံ့မည်ကို ၎င်းတို့ တွေးခေါ်တတ်ဟန်မတူ။

မနေ့က ပုဂ္ဂလိကဘဏ်တစ်ခုသို့ရောက်သည်။ ငွေအနည်းငယ်ကို လွှဲပို့ရန်ဖြစ်သည်။ ဝန်ထမ်းကိုယ်စီ၏ မိမိတို့ အလုပ်အပေါ်ခင်တွယ်မှု၊ သစ္စာရှိမှုတို့ကို တွေ့ရသည်။ ဘဏ်အတွင်း ဝင်လိုက်သည်နှင့် ၎င်းတို့၏ဝန်ဆောင်မှုမှာ အားနာစရာတောင်ကောင်းသည်။

ဌာနဆိုင်ရာဘဏ်မှ ဝန်ထမ်းများကို ပြန်မြင်ယောင်မိသည်။ လစာကွာသည်လား၊ ခံယူချက်ကွာသည်လား၊ သင်ယူမှုကွာသည်လား၊ ခန့်အပ်မှုကွာသည်လား. . .။ မိမိ မပြောတတ်ပါ။

ဝန်ထမ်းခန့်ထားမှုနှင့်ပတ်သက်၍ ဆရာသမားတစ်ဦး သွန်သင်ခဲ့ဖူးသည်ကိုလည်း ပြန်သတိရမိသည်။ “မင်း ကိုယ်ပိုင်အလုပ်ဆိုရင်လည်း သူ့ကိုခန့်မယ်၊ သူ့ကို တာဝန်ပေးမယ်ဆိုတဲ့ စိတ်ထားရှိရင်ခန့်ပါ။ ခင်မင်လို့၊ ဆွေမျိုးသားချင်းမို့၊ မကင်းရာ မကင်းကြောင်းမို့ မသင့်တော်ဘဲတာဝန်ပေးရင် မင်းဌာနပျက်စီးမှာပဲ၊ မင်းလုပ်ငန်းပျက်စီးမှာပဲ၊ သနားရင် ငွေပေးကူညီလိုက်ပါ၊ အရည်အချင်းမရှိတဲ့ ဝန်ထမ်းခန့်ထားတာမျိုး မလုပ်နဲ့”ဟု မှာဖူးသည်။

တချို့နေရာများတွင် မိမိတို့ဝန်ထမ်းဟောင်း၏ သားသမီး၊ ဇနီး၊ ခင်ပွန်း၊ ဆွေမျိုးသားချင်းဆိုပြီး ခန့်ထားသည်ကို တွေ့ဖူးသည်။ များသောအားဖြင့် မအောင်မြင်သည်ကိုတွေ့နိုင်သည်။ မိမိ၏ ဆရာသမားလိုလူမျိုးနှင့် သူတို့ဆုံတွေ့ခဲ့ရင် ထိုအဖြစ်မျိုး သူတို့ကြုံရမည်မဟုတ်ဟု ထင်သည်။

အဆိုပါဘဏ်က နမူနာတစ်ခုမျှသာဖြစ်ပါသည်။ အားလုံးဟု မဆိုလိုသော်လည်း ဌာနဆိုင်ရာအများစုမှာ အလားတူဟု ဆိုချင်သည်။ တစ်နာရီဖြင့် ပြီးရမည့်အလုပ်ကို အချိန်ကြာမြင့်စွာစောင့်ဆိုင်းခိုင်းထားသည်။ ဟိုဘက်စားပွဲ၊ ဒီဘက်စားပွဲကို တော်တော်နှင့်မရောက်။ ကြန့်ကြာမှ အလုပ်လုပ်သည်ဟု အထင်ခံလိုပုံရကြသည်။ သူလက်မှတ်ထိုးမှ ပြီးမည့် အဓိကပုဂ္ဂိုလ်ကလည်း အစည်းအဝေး၊ အခမ်းအနား စသည်ဖြင့် ရောက်ရောက်နေတတ်သည်။ တစ်နာရီဖြင့်၊ အချိန်အနည်းဆုံးနှင့် ပြီးရမည့်အလုပ်သည် ပြီးရမည့်အချိန်မပြီးသည့်အခါ ထမင်းစရိတ်၊ ကားခ၊ တည်းခိုခန်းခ စသည့် နေစရိတ်၊ စားစရိတ်၊ သွားစရိတ်တို့ ထပ်ဆောင်းရတော့သည်။ ထိုစရိတ်များသည် နိုင်ငံတော်အတွက် မလိုလားသော အပိုကုန်ကျငွေများ၊ ကုန်သည်လုပ်ငန်းရှင်များအတွက် အပိုကုန်ကျငွေစရိတ်စကများဟု သိရှိပြီး ပြင်နိုင်ကြလျှင်ကောင်းမည်။

ပြည်သူများထံမှ ကောက်ခံရရှိသော အခွန်အခများဖြင့် ရပ်တည်နေရသော အစိုးရဝန်ထမ်းများသည် အခွန်ထမ်းပြည်သူများအား အလုပ်အကျွေးပြုကြရမည်ဖြစ်သည်။ ပြည်သူလူထုအပေါ် မလေးမစားဆက်ဆံခြင်း၊ မောက်မာခြင်း၊ တံစိုးလက်ဆောင်နှင့် လာဘ်လာဘရရန် ဥပဒေကို လက်တစ်လုံးခြားလုပ်ခြင်း စသည်တို့မှာ မဖြစ်သင့်သော၊ ခေတ်ပြောင်းစနစ်ပြောင်းတွင် ထားခဲ့ရမည့် ခံယူချက်အဟောင်းများဖြစ်သည်ကို သတိပြုကြရမည်ဖြစ်သည်။

မိမိတို့၏ဌာနကျေးဇူးတရားကို သိရှိနားလည်ပြီး ခင်တွယ်စရာကောင်းသော နိုင်ငံ့ဝန်ထမ်းဘဝ၊ ဘဝအာမခံချက်ရှိသော နိုင်ငံ့ဝန်ထမ်းဘဝကို အလုပ်ဖြင့် သက်သေပြ၍ မိမိတို့လုပ်ငန်းအောင်မြင်အောင်၊ ရေရှည်တည်တံ့အောင် ကြိုးစားကြရန်လိုပါသည်။ မိမိ၏ ဌာနဖျက်သိမ်းခံရလျှင် မိမိတို့လည်း ဘုံပျောက်မည်။ အရင်လို ပေါ့ပေါ့နေ၊ ပေါ့ပေါ့စား ဘဝဖြင့် တစ်နေ့တာဖြတ်သန်းနေလျှင် နောင်မှတသောနောင်တကို ရင်ဝယ်ပိုက်၍ နေ့မြင်ညပျောက်ဘဝသို့ ရောက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်က ပြည်သူများ လိုလားသည့်အတိုင်း အပြောင်းအလဲကိုဖော်ဆောင်နေသည်။ နိုင်ငံ့ဝန်ထမ်းများကလည်း ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ပြောင်းလဲရန်၊ မူဟောင်းကို ဖက်တွယ်မနေတော့ဘဲ မိမိတို့၏ အမူအကျင့်များကို လက်ရှိကာလနှင့်အညီ ပြောင်းလဲရန်အချိန်တန်ပြီဟု သတိပေးနှိုးဆော်လိုက်ရပါသည်။

ဦးသက်

# ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်အား De La Rue Company မှ ဧည့်သည်အဖွဲ့ တွေ့ဆုံ

**နေပြည်တော် မေ ၁၀**

မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်အား UK နိုင်ငံအခြေစိုက် De La Rue Company မှ Director of Sales, Solutions Keith Thomoson နှင့်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ဒုတိယဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နိုင်ငံကူးလက်မှတ်စာအုပ်နှင့် ငွေစက္ကူများတွင် လုံခြုံရေးဆိုင်ရာဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# ပိုလန် နိုင်ငံခြားရေးဝန်ကြီး ကိုယ့်အားကိုယ်ကိုး ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသို့ သင်ထောက်ကူပစ္စည်းများ ပေးအပ်လှူဒါန်း

**ရန်ကုန် မေ ၁၀**

ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် ကြံခင်းပရိယတ္တိစာသင်တိုက် ကြံခင်းကိုယ့်အားကိုယ်ကိုး ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ပိုလန်ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ကမာရွတ်မြို့နယ်နှင့် လှိုင်မြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး ဘုန်းတော်ကြီးသင် ပညာရေးကျောင်း လေးကျောင်းသို့ သင်ထောက်ကူပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကျင်းပသည်။

အခမ်းအနားသို့ ပိုလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Radoslaw Sikorski၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ မြန်မာနိုင်ငံဆိုင်ရာ ပိုလန်နိုင်ငံ သံအမတ်ကြီး H.E. Dr. Jerzy BAYER နှင့် ကိုယ့်အားကိုယ်ကိုး ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ပိုလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးက လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပိုလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက ကမာရွတ်မြို့နယ်အတွင်းရှိ မြတ်လေးရုံ၊ အောင်မြေသာစည်နှင့် ဘုရားသုံးဆူကိုယ့်အားကိုယ်ကိုး ဘုန်းတော်ကြီးသင် ပညာရေးကျောင်း သုံးကျောင်းနှင့် လှိုင်မြို့နယ်ရှိ ကြံခင်း ကိုယ့်အားကိုယ်ကိုး ဘုန်းတော်ကြီးသင် ပညာရေးကျောင်း စုစုပေါင်းလေးကျောင်းအတွက် ဆရာထိုင်ကုလားထိုင်နှင့် စားပွဲခုံ ၁၅ လုံးစီ၊ ကျောင်းသားထိုင်ကုလားထိုင်နှင့် စားပွဲအလုံး ၄၀ စီ၊ အမှိုက်ပုံး ၂၄ လုံး၊ စာအုပ်စင်(အကြီး)လေးလုံး၊ စာအုပ်စင်(အသေး)လေးလုံး၊ နံရံကပ်ပန်ကာ ၁၂ လုံး၊ ဂါလန် ၁၅၀ ဆံ့ စတီးလ်ရေတိုင်ကီ နှစ်လုံး၊ Water Filter နှစ်လုံး၊ ရေဘူး ၁၆ စုံ၊ White Board ၁၂ ခုနှင့် သောက်ရေခွက် ၁၆ ခုတို့ကို ကျောင်းများမှ ဆရာတော်များနှင့် တာဝန်ခံများထံ ပေးအပ်လှူဒါန်းသည်။

(သတင်းစဉ်)

# မိုးရွာသွန်းမှုကြောင့် ပြောင်းနှင့် နှမ်းစိုက်ခင်းများ အဆင်ပြေ

**ရေတာရှည် မေ ၁၀**

မေ ၇ ရက် ည ၇ နာရီခွဲခန့်က ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း လေပြင်းများတိုက်ခတ်၍ နေရာကွက်ကျား မိုးသည်းထန်စွာရွာသွန်းခဲ့သည်။ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေနီမြို့အရှေ့ ရဲကုန်းကျေးရွာအုပ်စုနှင့် ဇေယျသိမ်ကျေးရွာအုပ်စုရှိ ယာစိုက်ပျိုးမြေများ အင်းအိုင်တို့တွင် တောင်ကျရေများ ဝင်ရောက်ခဲ့သော်လည်း ပျက်ဆီးဆုံးရှုံးမှုမရှိဟု သိရသည်။အများအားဖြင့် ယခုအချိန်သည် စစ်တောင်းမြစ်အရှေ့ဘက်ခြမ်းရှိ စိုက်ပျိုးမြေများတွင် မိုးရွာသွန်းမှုကြောင့် အဓိက စိုက်ပျိုးသီးနှံများဖြစ်သည့် ပြောင်းနှင့် နှမ်းစိုက်ခင်းများအတွက် အဆင်ပြေစေခဲ့သည်ဟုသိရှိရသည်။**(ယာပုံ)**

အဆိုပါ ဒေသသည် အဓိကအားဖြင့် ပဲအမျိုးမျိုး၊ ပြောင်း၊ နှမ်း၊ နေကြာ၊ စပါး အစရှိသည့်သီးနှံများကို စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းသည်။ မိုးရေအစိုဓာတ်ရရှိသည့်အတွက် တောင်သူများအားလုံး စိုက်ပျိုးရေးလုပ်ငန်းများတွင် စတင်လုပ်ကိုင်ကြပြီဖြစ်ကြောင်း သိရှိရသည်။ (၅၇၈)



# မန္တလေးဝန်းကျင် သရက်သီးအထွက်ကောင်း စိန်တလုံးသရက် တစ်ဖက်နိုင်ငံသို့တင်ပို့

**မန္တလေး မေ ၁၀**

မန္တလေးတိုင်းဒေသကြီးကို သရက်စိုက်ပျိုးရန် ရာသီဥတု၊ ရေမြေသဘာဝ သင့်လျော်သဖြင့် သရက်အထူးစိုက်ပျိုးရေးဇုန်အဖြစ်ရွေးချယ်ကာ သရက်မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးခဲ့သည်။ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်၊ ဟံမြင့်မိုရ်၊ မြို့ကြီး၊ တံတားဦး၊ အမရပူရမြို့နယ် မြစ်ငယ်၊ ရွှေလောင်း၊ ပုသိမ်ကြီးမြို့နယ်အတွင်း သင်္ကြန်အကြိုမိုးများရွာသွန်းမှုနှင့်အတူ စိုက်ပျိုးထားသော သရက်ခြံများမှ သရက်သီးများလည်း ဝင်းမှည့်လာကာ မန္တလေးသစ်သီးပွဲရုံများသို့ တင်ပို့ရောင်းချလျက်ရှိသည်။**(ဝဲပုံ)**

မန္တလေးဈေးချို (၈၅)လမ်းသစ်သီးပွဲရုံများသို့ မန္တလေးဝန်းကျင်ဒေသများမှ သရက်သီးများ ဝင်ရောက်လျက်ရှိရာ အရွယ်အစားအပေါ် မူတည်ပြီး ဈေးအမျိုးမျိုးရှိသည်။ စိန်တလုံးအရွယ်အစားအလိုက် ၁၀ လုံး ကျပ် ၁၅၀၀ မှ ၂၅၀၀ ဝန်းကျင်၊ မချစ်စု ၁၀ လုံး ကျပ် ၁၀၀၀ မှ ၁၅၀၀ ဝန်းကျင်၊ ရွှေဟင်္သာ ၁၀ လုံး ကျပ် ၁၂၀၀ မှ ကျပ် ၂၀၀၀ ဝန်းကျင်၊ ရင်ကွဲ ၁၀ လုံး ကျပ် ၅၀၀ မှ ၁၂၀၀၊ အောင်တင် ၁၀ လုံး ကျပ် ၇၀၀ မှ ၁၂၀၀ ဝန်းကျင်ဈေးရှိသည်။ ပင်မှည့်စိန်တလုံးသရက်သီးများနှင့် ရွှေဟင်္သာအိတ်စွပ်သရက်မျိုးကောင်းများအား သေတ္တာများအတွင်းစီ၍ ထုပ်ပိုးကာ တစ်ကီလိုကို ၁ ဒသမ ၅ ယွမ်ဖြင့် မူဆယ်နယ်စပ်လမ်းမှတစ်ဆင့် တရုတ်နိုင်ငံဈေးကွက်သို့ မော်တော်ယာဉ်များဖြင့် တင်ပို့လျက်ရှိကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

## ဥတုရာသီ တောကိုမှီ၏



## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

**၁၁-၅-၂၀၁၂ (သောကြာနေ့)**

| | | | |
|---|---|---|---|
| ၅း၄၀ | “(၃၂)ဖြာလက္ခဏာ”တရားတော် (ဆရာတော်ဓမ္မဒူတအရှင်ပညာဝရ) | | (ဒုတိယအဆင့်) (ပွဲစဉ်-၄) |
| ၁၀း၃၀ | Fashion Week (Forever) (Part-3) | ၉း၃၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ဘဝအားမာန်”(အပိုင်း-၃၃)** |
| ၂း၂၀ | Activities In The City (ဆီးချိုနှင့် အဝလွန်ခြင်းဆိုင်ရာ ဟောပြောပွဲ) | ၁၀း၂၅ | Style ရှိမှ Star ဖြစ်မယ် |
| ၆း၁၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အဖြူရောင်တိမ်တိုက်လေး” (အပိုင်း-၁၉)** | ၁၁း၀၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နှလုံးသားပုံဖော်ရာ”(အပိုင်း-၅)** |
| | | ၁၁း၄၅ | ဂီတသံစဉ်အလှဆင် (အကယ်ဒမီဝင်းဦး) |
| | | ၁၂း၃၀ | သူတို့ပြောတဲ့သူတို့အကြောင်း (ဖူးစုံ) |
| ၇း၂၀ | Kick Rock Show (Part-5) | ၁၂း၅၅ | ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ |
| ၈း၃၀ | Myanmar Cooking Master | ၄း၀၀ | ကံပေါက်ဒေသမှလှေ့လာစရာများ |

## အလင်းစေတမန် စာကြည့်တိုက် ဖွင့်ပွဲကျင်းပ

**နေပြည်တော် မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် တံခွန်တိုင်ကျေးရွာအုပ်စု သစ်လှတောကျေးရွာ အလင်းစေတမန် စာကြည့်တိုက် ဖွင့်ပွဲကို မေ ၅ ရက် နံနက် ၁၀ နာရီတွင် အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နိုင်ဌေးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်စိုးတို့က စာကြည့်တိုက်ကို ဖွင့်လှစ်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တီထွင်ထုတ်လုပ်ထားသည့် စက်ယန္တရားများဖြင့် အင်းလေးကန်သာယာလှပရေး အောင်မြင်စွာလုပ်ဆောင်နိုင်

ကမ္ဘာသိ၊ မြန်မာသိဖြစ်သော ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်ရှိ အင်းလေးကန် စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဆည်မြောင်းဦးစီးဌာနက တီထွင်ထုတ်လုပ်ထားသော စက်ယန္တရားကြီးများဖြင့် နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။ အင်းလေးကန် အစဉ်အမြဲသာယာလှပရေး၊ အင်းလေးကန် သဘာဝပတ်ဝန်းကျင်နှင့် ဆက်စပ်ဂေဟစနစ်များ မပျက်သုဉ်းစေရေး၊ အင်းလေးကန်အရှည်သဖြင့် တည်တံ့စေရန်အတွက် ဆည်မြောင်းဦးစီးဌာနက စူးစမ်းလေ့လာတိုင်းတာခြင်း၊ နုန်းထိန်းတမံနှင့် နုန်းဖမ်းဆည်များ တည်ဆောက်ခြင်း၊ တည်ဆောက်ပြီး နုန်းထိန်းတမံနှင့် နုန်းဖမ်းဆည်များ ထိန်းသိမ်းခြင်း၊ အင်းလေးကန်အတွင်း လိုအပ်သည့်နေရာများတွင် သဲနုန်းတူးဖော်ခြင်း၊ အဓိကရေလမ်းတစ်လျှောက် ရေလမ်းအမှတ်အသားပြုလုပ်ခြင်း၊ ရှင်းလင်းပြီး ကျွန်းမျောရိုင်းများအား စုစည်းထိန်းချုပ်ရှင်းလင်းခြင်း၊ ရေမှော်များရှင်းလင်းခြင်း လုပ်ငန်းများကို အဆိုပါစက်ယန္တရားကြီးများဖြင့် ဆောင်ရွက်ကြသည်။

**သတင်းဆောင်းပါး - ကိုတင်လှိုင်(မိတ္ထီလာ)**
**ဓာတ်ပုံ - ဆည်မြောင်း၊ စက်မှုဌာနခွဲ**



**သယ်ပို့စက်ရေယာဉ်**

သယ်ပို့စက်ရေယာဉ်မှာ ၁၂ တန် အလေးချိန် သယ်ဆောင်နိုင်ပြီး တစ်နာရီ ပျမ်းမျှရေမိုင် လေးမိုင်ခန့်မောင်းနှင်နိုင်ကာ ဗေဒါ၊ သဲနုန်းများကို လှန်ချစွန့်ပစ်နိုင်သော ဟိုက်ဒရောလစ်စနစ် တပ်ဆင်တည်ဆောက်ထားသည်။ ၂၀၁၁ ခုနှစ်တွင် ထပ်မံတည်ဆောက်သော သယ်ပို့စက် ရေယာဉ်နှစ်စင်းမှာ မူလတီထွင်ထားသည့် စက်ရေယာဉ်ထက် ပိုမိုကောင်းမွန်ပြီး ပိုမိုဆန်းသစ်လှပကာ သွားနှုန်းပိုမိုမြန်ဆန်ခြင်း၊ လှန်ချစွန့်ပစ်ရာတွင် ပိုမိုမြန်ဆန်ခြင်း၊ ပိုမိုတောင့်တင်းခိုင်မာခြင်း၊ စွမ်းရည်များရရှိရန် အားနည်းချက်များကို ပြုပြင်တည်ဆောက်ထုတ်လုပ်ခဲ့သည်။

**ကောက်ယူသယ်ပို့စက်ရေယာဉ်**

သယ်ပို့စက်ရေယာဉ် တီထွင်စမ်းသပ်အောင်မြင်ပြီးနောက် သယ်ပို့စက်ရေယာဉ်အား အခြေခံ၍ ရေပြင်ပေါ်မှ ဗေဒါရေမှော်များကို ကောက်ယူခြင်း၊ စွန့်ပစ်လိုသောနေရာသို့ မောင်းနှင်သွားခြင်း၊ အချိန်တိုအတွင်း လှန်ချစွန့်ပစ်နိုင်ခြင်း လုပ်ငန်းများအားလုံးကို တစ်ပြိုင်တည်းဆောင်ရွက်နိုင်မည့် စက်ယန္တရားတစ်စီး တီထွင်တည်ဆောက်ရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ လမ်းညွှန်ချက်၊ ညွှန်ကြားရေးမှူးချုပ်၏ တာဝန်ပေးချက်အရ စက်မှုဌာနခွဲ၊ စက်မှုတိုင်း(၁) ရန်ကုန်မှ တွက်ချက်ပုံစံရေးဆွဲကာ TRANSPORT BARGE (CLAMSHELL) ကောက်ယူသယ်ပို့စက်ရေယာဉ်တစ်စင်း၊ ၂၀၁၁ ခုနှစ်အတွင်း တီထွင်တည်ဆောက်ခဲ့သည်။ ကောက်ယူသယ်ပို့စက်ရေယာဉ်မှာ ဗေဒါ၊ ရေမှော်လေးကျင်း(သို့မဟုတ်) ရှစ်တန်အလေးချိန်တင်ဆောင်နိုင်ပြီး တစ်နာရီလျှင် ပျမ်းမျှရေမိုင်ငါးမိုင်ခန့် မောင်းနှင်နိုင်သည်။ စက်တစ်စီးတည်းဖြင့် ကန်ရေပြင်ရှင်းလင်းရေးကို အချိန်တိုအတွင်း ဆောင်ရွက်နိုင်သည်ဖြစ်၍ အင်းလေးကန်အတွက် အလွန်အသုံးဝင်သော စက်ယန္တရားဖြစ်သည်။

**ရွှေ့လျားခါးပတ်သယ်ပို့စက်**

သဲနုန်း၊ ကျွန်းမျော၊ ရေမှော်၊ ဗေဒါများအား ရေပြင်အလယ်မှ ကမ်းသို့ရွှေ့လျားခါးပတ်စနစ်(BELT CONVEYOR EQUIPMENT)ဖြင့် စဉ်ဆက်မပြတ်လုပ်ငန်းတွင်ကျယ်စွာ ပေးပို့နိုင်သော စက်တစ်စီးတီထွင်ဆောင်ရွက်ရန် ညွှန်ကြားရေးမှူး၏လမ်းညွှန်ချက်အရ စက်မှုဌာနခွဲ၊ စက်မှုတိုင်း(၄)မှ ပေ ၁၀၀ အရှည်ရှိသော ရွှေ့လျား ခါးပတ်စက်တစ်စီးအား တီထွင်ဆောက်လုပ်၍ အင်းလေးကန်အတွင်းအသုံးပြုခဲ့ရာ အထူးအောင်မြင်အသုံးဝင်ခဲ့သည်။ ထို့ကြောင့် ပထမတီထွင်ထားသော ရွှေ့လျားခါးပတ်သယ်ပို့စက်၏ အသုံးဝင်အကျိုးပြုမှုကြောင့် စက်မှုတိုင်း(၄)မှ ပထမစက်၏ ခါးပတ်အကျယ် ၈၀၀ မီလီမီတာမှ ပိုမိုတောင့်တင်းခိုင်မာစေရန် ခါးပတ်အကျယ် ၁၀၀၀ မီလီမီတာဖြင့် တည်ဆောက်ခဲ့ရာ အထူးအောင်မြင်အသုံးဝင်ခဲ့သည်။

စက်နှစ်စီးအား နေရာနှစ်နေရာတွင် ပေ ၁၀၀ အကွာအဝေးသို့ ရေမှော်၊ ဗေဒါများစွန့်ပစ်ရာတွင်လည်းကောင်း၊ တစ်နေရာတည်းတွင် စက်နှစ်စီးအား ပေ ၂၀၀ အကွာအဝေးသို့ စွန့်ပစ်ရာတွင်လည်းကောင်း ကောင်းစွာအသုံးပြုနိုင်ခဲ့သည်။

**အင်းလေးကန်အတွင်းရှိ နုန်းများကိုစက်မှုဌာနခွဲမှ တီထွင်ထုတ်လုပ်ထားသော ရေပေါ်မြေတူးစက်ဖြင့် နုန်းများ ဆယ်ယူနေစဉ်။**

**ရေပေါ်မြေတူးစက်**

အင်းလေးကန်ကဲ့သို့ ရေပြင်ကျယ်တွင်သာမက ဆည်မြောင်းဦးစီးဌာနက ထိန်းသိမ်းဆောင်ရွက်လျက်ရှိသော ရေပေးမြောင်း၊ မြစ်ဝကျွန်းပေါ်ဒေသ၊ ချောင်းများတွင်ပါ အသုံးပြုနိုင်သော ရေပေါ်မြေတူးစက် (BACKHOE ON FLOAT) တစ်စီးကိုလည်း စက်မှုဌာနခွဲ စက်မှုတိုင်း(၄)မှ တီထွင်ထုတ်လုပ်ခဲ့သည်။ ဆည်မြောင်းဦးစီးဌာနတွင် ယခင်သုံးစွဲခဲ့ဖူးသော BACKHOE ON PONTOON(16" x 8" x 4") ကိုးလုံးဖောတွဲပေါ်တွင် တင်ထားသော မြေတင်စက်ပုံကို အခြေပြု၍ စရိတ်သက်သာပြီးနေရာကျဉ်းသော ဧရိယာများတွင် သုံးစွဲနိုင်သော ရွှေ့ပြောင်းသယ်ယူလွယ်ကူသည့် စက်ယန္တရားဖြစ်သည်။ အရွယ်အစား (26" x 10" x 4")ဖောတွဲနှစ်လုံးအားတွဲဆက်ပြီး မြေတူးစက်BACKHOE ၏ အထက်ပိုင်းကိုယ်ထည် (UPPER STRUCTURE) တပ်ဆင်တည်ဆောက်ထားခြင်းဖြစ်ကာ မောင်းနှင်ရာတွင် ပေါ့ပါးသွက်လက်ပြီး ရေပြင်တွင် ဟန်ချက်ညီစွာ လှုပ်ရှားဆောင်ရွက်နိုင်သည့် တီထွင်မှုစက်ယန္တရားအသစ်ဖြစ်သည်။

**သောင်တူးစက်များ**

အင်းလေးကန်အတွင်း လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော်က ထုတ်လုပ်ခဲ့သည့် အမေရိကန်နိုင်ငံထုတ် ELLICOT သောင်တူးစက်များ၊ နှစ်ပေါင်း ၃၀ ကျော်က ထုတ်လုပ်ခဲ့သော ဟော်လန်နိုင်ငံထုတ် BEAVER သောင်တူးစက်တို့မှာ အိုမင်းဟောင်းနွမ်းနေသည့်အတွက် ဆည်မြောင်းဌာန၏ အကြီးအကဲများ၏ လမ်းညွှန်ချက်နှင့်အညီ လှပဆန်းသစ်သော ဒီဇိုင်းပုံစံများအဖြစ် စက်မှုတိုင်း(၁)မှ ကြံဆတီထွင် ၍ ပုံစံပြောင်းလဲခဲ့ရာ ယခုအခါ သောင်တူးစက်များမှာ လှပဆန်းသစ်ပြီး အသွင်တစ်မျိုးပြောင်းကာ ကမ္ဘာလှည့်ခရီးသည်များနှင့် နိုင်ငံခြားသားများပါ စိတ်ဝင်စားစွာ အံ့ဩချီးမွမ်းလောက်သည့် စက်သစ်ကြီးများအသွင် ဖန်တီးပြုပြင်ထားသည်ကို တွေ့ရသည်။

ဆည်မြောင်းဦးစီးဌာနသည် စိုက်ပျိုးရေးအတွက် ဆည်၊ တာတမံတည်ဆောက်ပေးရုံသာမက နိုင်ငံအတွက် အဓိကကျသည့် ကမ္ဘာသိ မြန်မာသိ အင်းလေးကန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ အင်းလေးကန် သာယာလှပရေးအတွက် နုန်းဖမ်းတမံများ တည်ဆောက်ခြင်း၊ နုန်းထိန်းတမံများ တည်ဆောက်ခြင်း၊ သဲနုန်းများ တူးဖော်ခြင်းလုပ်ငန်းနှင့် ဘက်စုံစီမံကိန်းကြီးများစွာကို နိုင်ငံတော် အကြီးအကဲများ၏ လမ်းညွှန်ချက်နှင့် အညီ နိုင်ငံတော်မှ စက်အားလူအားဖြင့် နေ့ညမပြတ် ဆောင်ရွက်နေခြင်းဖြစ်သည်။ ။



**စက်မှုဌာနခွဲမှ တီထွင်ထုတ်လုပ်ထားသော သယ်ပို့စက်။**

**စက်မှုဌာနခွဲမှ အင်းလေးကန်အတွင်းရှိ ဗေဒါများအား ကောက်ယူသယ်ပို့စက်ဖြင့် ဆယ်ယူနေစဉ်။**






## စုပေါင်းဆောင်ရွက်

**မေ ၈ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ကြက်ခြေနီ တပ်ဖွဲ့ဝင်များ မန္တလေး-လားရှိုး ပြည်ထောင်စုလမ်းမကြီးဘေး ဝဲ၊ ယာနှင့် ဆေးရုံဝန်းကျင်တို့တွင် ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ်အဖြစ် ချုံနွယ်ပိတ်ပေါင်း ခုတ်ထွင်ရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြစဉ်။** (၂၄၇)

**❍ ကူးစက်ခံရခြင်းမှ**

ဟန့်တားကုသမှုများကဲ့သို့ ကူးစက်ရောဂါကာကွယ်ရေးအတွက် ရှိနေသည့် လူထုကျန်းမာရေးနည်းလမ်း အသုံးပြုမှုများသည် ကမ္ဘာတစ်ဝန်းတွင် အနာဂတ်၌ကင်ဆာကြောင့်ဖြစ်သည့် ဝန်ထုပ်ဝန်ပိုးအပေါ် မြားမြောင်သောအကျိုးသက်ရောက်မှုရှိလာနိုင်သည်ဟုလည်း ဆိုသည်။

သုတေသနပညာရှင်များ၏အဆိုအရ ကူးစက်ခံရခြင်းကြောင့် ဖြစ်ပွားရသည့် ကင်ဆာရောဂါများသည် ယေဘုယျအားဖြင့် အခြားကင်ဆာများထက် သေပျောက်နှုန်း ပိုမိုမြင့်မားလျက်ရှိသည်ဟု ဆိုသည်။ ၂၀၀၈ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း ကင်ဆာဖြင့် သေဆုံးသူ ၇ ဒသမ ၅ သန်းရှိသည့်အနက် ၁ ဒသမ ၅ သန်းခန့်သည် ကူးစက်ခံရသည့် ကင်ဆာရောဂါများကြောင့် ဖြစ်သည်။

အဆိုပါနှုန်းများအား တိုင်းတာရန် သုတေသနပညာရှင်များသည် နိုင်ငံပေါင်း ၁၈၄ နိုင်ငံရှိ ကင်ဆာရောဂါ ၂၇ မျိုး၏ အချက်အလက်များကို ဆန်းစစ်လေ့လာခဲ့ကြသည်။ ဆန်းစစ်ချက်များအရ ကူးစက်ခံရမှုနှုန်းသည် နေရာဒေသလိုက်၍ ကွဲပြားမှုရှိသော်လည်း ကမ္ဘာတစ်ဝန်း ကင်ဆာဖြစ်ပွားမှုအားလုံး၏ ၁၆ ရာခိုင်နှုန်းသည် ကူးစက်ခံရခြင်းမှ စတင်ဖြစ်ပွားကြောင်း တွေ့ရှိခဲ့ကြသည်။

ကူးစက်ခံရခြင်းနှင့် ဆက်နွယ်သည့် ကင်ဆာရောဂါများ၏ ဝန်ထုပ်ဝန်ပိုးမှာ ဖွံ့ဖြိုးမှုနည်းသည့် နိုင်ငံများတွင် ပိုမိုမြင့်မားသည်ဟု ပလန်မာကဆိုသည်။ ဖွံ့ဖြိုးမှုနည်းသောနိုင်ငံများ၌ ကူးစက်ခံရခြင်းကြောင့် ဖြစ်ပွားသည့်ကင်ဆာရောဂါမှာ ၂၂ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး ထို့ထက်ပိုဖွံ့ဖြိုးသည့် နိုင်ငံများတွင် ၇ ဒသမ ၄ ရာခိုင်နှုန်းရှိသည်။

ကမ္ဘာတစ်ဝန်း ကူးစက်ခံရမှုနှင့် ဆက်နွယ်သည့် ကင်ဆာရောဂါသည် ၁၉၉၀ ခုနှစ်နှင့် ၂၀၀၂ ခုနှစ်က ခန့်မှန်းချက်များနှင့် နှိုင်းယှဉ်ပါက တည်ငြိမ်နေဆဲဖြစ်သည်ဟု ဆိုသည်။

ကူးစက်ခံရမှုနှင့် ဆက်နွယ်သည့် ကင်ဆာရောဂါဖြစ်ပွားမှုအမြင့်ဆုံးမှာ အာဖရိက ဆာဟာရဒေသတွင် ၃၂ ဒသမ ၇ ရာခိုင်နှုန်းဖြစ်ပြီး အနိမ့်ဆုံးနှုန်းမှာ ဩစတြေးလျနှင့် နယူးဇီလန်တို့တွင်ဖြစ်ကာ ကူးစက်ခံရမှုခန့်မှန်းခြေ ၃ ဒသမ ၃ ရာခိုင်နှုန်းသာရှိသည်။

**✳ ပစိဖိတ်မှ**

ရေနမူနာများလေ့လာချက်အရ လွန်ခဲ့သည့် နှစ် ၄၀ ကာလက အဆိုပါနေရာတွင် ပလတ်စတစ်အမှိုက်ကင်းစင်ခဲ့သည်။မိမိတို့ လွန်စွာအံ့အားသင့်ခဲ့ရကြောင်း၊ ပလတ်စတစ်ပါသောအမှိုက်များ တိုးပွားလာမှုပမာဏမှာ အလွန်တရာမှ ကြီးမားလှကြောင်းဖြင့် လေ့လာရေးအဖွဲ့ခေါင်းဆောင် ပါရဂူဘွဲ့ကြိုကျောင်းသူ မီရီယန်ဂိုးလ်စတိန်းက ပြောသည်။

ရေမျက်နှာပြင်ပေါ်နှင့် ရေမျက်နှာပြင်အနီးတို့တွင် ပေါလောမျောနေသည့် ပလတ်စတစ်အစကလေးများအား အစာဟုထင်မှတ်ကာ ငါးများ၊ ပင်လယ်လိပ်များနှင့် အခြားရေသတ္တဝါများက စားတတ်ကြသည်။ လေ့လာချက်များအရ ယင်းဒေသမှ နမူနာဖမ်းဆီးလေ့လာခဲ့သော ငါး ၁၀ ကောင်လျှင် တစ်ကောင်မှာ ပလတ်စတစ်များကိုစားထားကြသည်ကိုတွေ့ရသည်ဟုဆိုသည်။

အင်တာနက်။

# ရသုံးမှန်းခြေ ငွေစာရင်းနှင့် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ခြင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော်　　မေ　　၁၀**

မေ ၉ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ဧရာဝတီတိုင်းဒေသကြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းနှင့် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ခြင်းလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့သည်။

ညှိနှိုင်းအစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က တိုင်းဒေသကြီးအတွင်းရှိ ဌာနအဖွဲ့အစည်းများအနေဖြင့် ရသင့်ရထိုက်သော အခွန်ငွေများ တိုးတက်ရရှိရေး၊ သုံးငွေများကိုလည်း ထုတ်လုပ်မှုအကျိုးရှိသော အသုံးစရိတ်များကို ဦးစားပေးသုံးစွဲရေး၊ စနစ်တကျ ခြိုးခြံချွေတာသုံးစွဲရေး၊ ရေရှည်တွင် တိုင်းဒေသကြီးရငွေနှင့် အသုံးစရိတ်ညီမျှသော ဘတ်ဂျက်ဖြစ်ရေး၊ တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့အခန်းကဏ္ဍအလျောက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်ကြရေးတို့ကို မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဦးဝင်းကိုကိုက ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဟုန်းငိုင်း ၂၀၁၂ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# ကမ္ဘာ့ကြက်ခြေနီနေ့အခမ်းအနား ဟားခါး၌ ကျင်းပ

**နေပြည်တော်　　မေ　　၁၀**

၂၀၁၂ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားကို မေ ၈ ရက် နံနက် ၇ နာရီခွဲတွင် ချင်းပြည်နယ် ဟားခါးမြို့ ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက ကြက်ခြေနီလူငယ်မောင်မယ်များအနေဖြင့် နိုင်ငံအကျိုးနှင့် လူမှုကရုဏာလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ဆက်လက်ပါဝင်ဆောင်ရွက်ရေး မှာကြားသည်။

ထို့နောက် ကမ္ဘာ့ကြက်ခြေနီနေ့ သဝဏ်လွှာကို ပြည်နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ထွန်းဦးက ဖတ်ကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံပြန်တမ်း ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပို့ဆောင်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဟာရင်နိုင်တီယမ်းအား ယင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၁၁-၅-၂၀၁၂ (သောကြာနေ့)**

| | | | |
|---|---|---|---|
| ၇:၀၀ | ပရိတ်တရားတော် | ၅:၃၀ | "စုစည်းခံစားကမ္ဘာ့အားကစား" |
| ၈:၂၀ | "ကင်ဆာရောဂါဆိုင်ရာ လေ့လာတွေ့ရှိချက်များ" | ၅:၄၀ | "ရုပ်ခန္ဓာမလှပသူတို့၏ နှလုံးသားအားမာန်များ" |
| ၄:၂၀ | "ရွှေဦးဂီမှာန်တေးသံသာ" (ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်းနှင့် မဟာဂီတအဖွဲ့ဖျော်ဖြေခန်း) | ၇:၀၀ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ဆ-ဆရာရှိသေပါ" (အပိုင်း-၄)** |
| ၄:၅၀ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ပထဝီဝင်အထူးပြု) (ပထဝီဝင်) | ၈:၀၀ | ပြည်တွင်းသတင်း -နိုင်ငံတကာသတင်းများ -မိုးလေဝသအခြေအနေ -လျှပ်တစ်ပြက်ဟာသများ **-နိုင်ငံခြားဇာတ်လမ်းတွဲ "ရင်ဆိုင်မယ့်နေ့ရက်များ" (အပိုင်း-၄)** -သီချင်းချစ်သူ |
| ၅:၀၅ | မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ | | |



ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းအား ကမ္ဘာ့ဘဏ်မှ အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Tunc Tahsin Uyanik နှင့် အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

# မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌအား ကမ္ဘာ့ဘဏ်မှ အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးတွေ့ဆုံ

**နေပြည်တော်　　မေ　　၁၀**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းအား ကမ္ဘာ့ဘဏ်မှ အရှေ့အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Tunc Tahsin Uyanik နှင့်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ကမ္ဘာ့ဘဏ်အနေဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် အကူအညီပေးရန်ကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် ဌာနကြီးမှူးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အရန်မီးသတ်အကြို အခြေခံသင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော်　　မေ　　၁၀**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အရန်မီးသတ်အကြိုအခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၁၂) ဆင်းပွဲ အခမ်းအနားကို မေ ၇ ရက် နံနက် ၉ နာရီက ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းကျော်ကျော် တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။ **(အောက်ပုံ)**

သင်တန်းဆင်းပွဲကို ဇမ္ဗူသီရိမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝင်းမော်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမိုးသီဟဇော်၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် သင်တန်းသား ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ နှစ်ပတ်ကြာမြင့်ခဲ့သည်။ (၅၈၆)





# ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်းလေယာဉ်များအား စင်းလုံးငှားရမ်းလျက်ရှိ

**ရန်ကုန်　　မေ　　၁၀**

မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသားများ၊ ပြည်တွင်းမှ လုပ်ငန်းရှင်များနှင့် ခရီးသွားပြည်သူများ ပြည်တွင်း၌ သွားလာမှုအဆင်ပြေလွယ်ကူချောမွေ့စေရန်အတွက် မူလခရီးစဉ်များအပြင် ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်းမှ လေယာဉ်များ စင်းလုံးငှားရမ်းလျက်ရှိပြီး အသစ်ထပ်မံရောက်ရှိလာသော BEECH-1900 D လေယာဉ်များကိုလည်း စင်းလုံးငှားရမ်းနိုင်ကြောင်း သိရသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်းမှ စင်းလုံးငှားရမ်းနိုင်သော လေယာဉ်များမှာ အက်ဖ်-၂၈ (Fokker-28) လေယာဉ်၊ အေတီအာ (ATR) လေယာဉ်၊ အမ်အေ-၆၀ (MA 60)လေယာဉ်နှင့် ဘီချ် - 1900 D (BEECH CRAFT) လေယာဉ်အမျိုးအစားများဖြစ်ကြပြီး စင်းလုံးငှားရမ်းမှုနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့လေကြောင်း(ရုံးချုပ်) ဖုန်း-၃၇၁ ၅၈၉ နှင့် ၃၇၁၅၉၀ တို့သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

**ကျန်းမာရေးသုတ**　　**သတင်းဓာတ်ပုံ - မောင်ယဉ်ဦး(ဒလ)**

# ဆေးဖက်ဝင်သည့် ကွမ်းရွက်

*ကွမ်းရွက်ဟာ မြန်မာလူမျိုးများ ရှေးလွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက သုံးစွဲခဲ့တဲ့ အပင်တစ်မျိုးဖြစ်ပါတယ်။ မြန်မာတိုင်းရင်းဆေးဝါးတွေမှာလည်း ကွမ်းရွက်ကို ထည့်သွင်းအသုံးပြုခဲ့ပါတယ်။ ကွမ်းရွက်ဟာ အင်မတန်မှ ဆေးဖက်ဝင်ပြီး အစွမ်းလည်းထက်ပါတယ်။ ကွမ်းရွက်ပြုတ်ရည်နှင့် ချင်း(ဂျင်း)ကို ရော၍ တိုက်ကျွေးခြင်းဖြင့် အပူကြီးပြီး နွမ်းမောမှုကို ပျောက်ကင်းစေတာဟာ မြန်မာတို့ရဲ့ လက်စွဲတိုင်းရင်းဆေးပဲဖြစ်ပါတယ်။*

*ကွမ်းပင်ဟာ နွယ်ပင်တစ်မျိုးဖြစ်ပြီး နေရာဒေသမရွေးစိုက်ပျိုးဖြစ်ထွန်းပါတယ်။ ကွမ်းရွက်မှာ ချို၊ ချဉ်၊ စပ်၊ ဖန်၊ ငန်၊ ခါးဆိုတဲ့ အရသာခြောက်မျိုးပါဝင်ပြီး စပ်၊ ခါး၊ ဖန် ပေးနိုင်လေ သလိပ်ကြေဆိုသည့်အတိုင်း သလိပ်ကို လွန်စွာနိုင်ပါတယ်။ ကွမ်းရွက်မှာ စိသျှဒဂုဏ်၊ တိက္ခရဂုဏ်၊ ဥဏှဂုဏ်၊ သရဂုဏ်တို့ပါဝင်တဲ့အတွက်*



*ခန္ဓာကိုယ်ကို သန့်စင်စေခြင်း၊ သန်စွမ်းစေခြင်း၊ စိတ်ရှင်းသန့်ခြင်း၊ ခန္ဓာကိုယ်ပေါ့ပါးခြင်း၊ နှုတ်မြိန်စေခြင်း၊ သွေးသည်းခြေတို့ကို တိုးပွားစေတယ်လို့ သိရပါတယ်။*

*ကမ္ဘာ့ဆေးသုတေသနဌာနများရဲ့ ဓာတ်ခွဲစမ်းသပ်ချက်အရ ကွမ်းရွက်မှာ ရေငွေ့ဓာတ်၊ ပရိုတိန်းဓာတ်၊ အဆီဓာတ်၊ သတ္တုဓာတ်၊ သံဓာတ်၊ ဗီတာမင်အေနှင့် ဗီတာမင်စီတို့ပါဝင်ကြောင်းလည်း သိရပါတယ်။ ကွမ်းရွက်ဟာ ဝမ်းမီးကို တောက်စေပြီး ဆီးကို ရွှင်စေခြင်း၊ ချောင်းဆိုးခြင်း၊ မျက်စိရောဂါတို့ ပျောက်ကင်းကြောင်း ဆေးကျမ်းများတွင် ဖော်ပြထားသည်ကို တွေ့ရပါတယ်။ ကွမ်းရွက်ကို မီးကင်၍ နှမ်းဆီသုတ်ပြီး ရင်ခေါင်းတွင် ကပ်ပေးပါက ကလေးများတွင် အဖြစ်များသည့် ချောင်းဆိုးရင်ကျပ်အသက်ရှူကျပ်ရောဂါများကို ပျောက်ကင်းစေပါတယ်။ အစာမကြေခြင်း၊ လေနာခြင်း၊ ဝမ်းသွားခြင်း၊ လည်ချောင်းပူလောင်ခြင်းဖြစ်လျှင် ကွမ်းရွက်ကို အရည်ညှစ်၍ ဆား(သို့) ပျားရည်ဖြင့် တိုက်ကျွေးပါက ပျောက်ကင်းစေပါတယ်။ စိတ်ဝေဒနာခံစားရလျှင် အရိုးအပါအဝင် ကွမ်းရွက်သတ္တုရည်ကို နွားနို့နှင့် ရောစပ်တိုက်ကျွေးခြင်းဖြင့် ပျောက်ကင်းစေပါတယ်။*

*ဇက်ကြောတက်၊ မျက်ရိုးကိုက်ခြင်းဖြစ်လျှင် ကွမ်းရွက်အရည်ညှစ်၍ ဆားထည့်ခတ်ပေးခြင်းဖြင့် ပျောက်ကင်းပါတယ်။ ကွမ်းရွက်ဟာ အညှော်ကိုလည်း နိုင်တဲ့အတွက် အညှော်မိပါက ကွမ်းရွက်ကို ပွတ်ခြေရှုပေးလျှင် ပျောက်ကင်းစေပါတယ်။ နားအူခြင်း၊ နားလေထွက်ခြင်းများ ဖြစ်ပေါ်ခံစားရပါက ကွမ်းရွက်ကို ခြေ၍ နားနှစ်ဖက်အတွင်းသို့ အရည်ညှစ်ထည့်ပေးပါက ပျောက်ကင်းစေပါတယ်။ (မိနစ်ပိုင်းအတွင်း သက်သာစေပါတယ်)။ ရင်ဘတ်တွင်စူး၍ အောင့်သောဝေဒနာခံစားရလျှင် ကွမ်းရွက်မျက်နှာပြင်မှ တံတွေးစွတ်၍ အုပ်ပေးပါက ပျောက်ကင်းစေပါတယ်။*

*မျက်စိထဲမှ မျက်ရည်ပူကျခြင်း၊ မျက်စိမှုန်ခြင်း၊ တိမ်ဖြစ်ခြင်း စသည့် မျက်စိနှင့်ပတ်သက်၍ ဝေဒနာခံစားရလျှင် ကွမ်းရွက်ကို မျက်စိတွင် ကပ်ပေးခြင်းဖြင့် အတွင်းမှ အပူများကို စုပ်ယူ၍ မိနစ်ပိုင်းအတွင်း ပျောက်ကင်းမှုကို ချက်ချင်းခံစားရပါတယ်။*

*ကွမ်းရွက်ဟာ ဆေးစွမ်းထက်မြက်ကြောင်းကို ဆေးအဘိဓာန်ကျမ်းများမှာ ဖော်ပြထားပါတယ်။ ဒါကြောင့် ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်မှာ လွယ်ကူပေါများစွာ ရရှိနိုင်တဲ့ ကွမ်းရွက်ကို သင့်တော်သလို သုံးစွဲခြင်းဖြင့် ရောဂါများ ပျောက်ကင်းစေကြောင်း ကွမ်းရွက်၏ အသုံးဝင်ဆေးနည်းတိုများကို ရေးသားဖော်ပြလိုက်ရပါတယ်။ ။*

# THE 33rd ASIA PACIFIC JUNIOR GOLF CHAMPIONSHIP ပြိုင်ပွဲကျင်းပမည်

**ရန်ကုန်　　မေ　　၁၀**

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် THE 33rd ASIA PACIFIC JUNIOR GOLF CHAMPIONSHIP 2012 ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၁၂ ခုနှစ် မေ ၁၅ ရက်မှ ၁၈ ရက်အထိ ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ ပန်းလှိုင်ဂေါက်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲကို သက်တန်းအလိုက် ကျင်းပမည်ဖြစ်ပြီး သက်တန်း(၁၅-၁၇)နှစ်ကို GROUP (A)၊ သက်တန်း(၁၃-၁၄)နှစ်ကို GROUP (B)၊ သက်တန်း(၁၁-၁၂)နှစ်ကို GROUP (C)၊ သက်တန်း(၁၀)နှစ်အောက်ကို GROUP(D) ဟူ၍ သက်တန်း လေးတန်းခွဲခြားယှဉ်ပြိုင်မည်ဖြစ်သည်။

အာရှ ပစိဖိတ်ဒေသတွင်းရှိ မြန်မာအပါအဝင် ဖိလစ်ပိုင်၊ ထိုင်း၊ ဟောင်ကောင်၊ အိန္ဒိယနှင့် မလေးရှားအသင်းတို့မှ လူငယ်ဂေါက်သီးရိုက်အားကစားသမားများ လာရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲတွင် Co- Sponsors များအဖြစ် Pun Hlaing Golf Club, Higer Bus (Myanmar), Elite Express, Srixon, Alpine (Purified Drinking Water) နှင့် EVENT MANAGEMENT အဖြစ် HAN Golf Masters Pte., Ltd. တို့က ကူညီပံ့ပိုးကြသည်။

ယင်းပြိုင်ပွဲနှင့် စပ်လျဉ်း၍ အသေးစိတ်အချက်အလက်များသိရှိလိုပါက HAN EVENT MANAGEMENT ဖုန်း-၀၁-၆၅၁၃၇၄ နှင့် ၀၉-၂၀၃၇၆၇၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# စီးပွားဖြစ် သစ်ခွစိုက်ပျိုးရေး သင်တန်းဖွင့်မည်

**ရန်ကုန်　　မေ　　၁၀**

မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်းက ကြီးမှူး၍ စီးပွားဖြစ်သစ်ခွစိုက်ပျိုးရေး သင်တန်းအမှတ်စဉ် ၁/၂၀၁၂ ကို ဇွန် ၁ ရက်မှ ၈ ရက်အထိ နေ့စဉ်မွန်းလွဲ ၁ နာရီမှ ၃ နာရီအတွင်း ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ အသင်းရုံးခန်းမဆောင်၌ ဖွင့်လှစ်ရန် စီစဉ်ထားသည်။

သင်တန်းကြေး ကျပ် ၁၅၀၀၀ ဖြင့် သင်တန်းသား ၅၀ သာ လက်ခံသင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသူများသည် အသင်းရုံး ဖုန်း - ၃၇၉၃၆၁ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(၄၅)

# လယ်ယာစပါး ပြည့်အားထား တားဆီးကာကွယ် မီးရန်စွယ်

## တိုင်းဒေသကြီးနှင့် ပြည်နယ် ကလပ်ပေါင်းစုံ Pencak Silat တံခွန်စိုက်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**ရန်ကုန် မေ ၁၀**

မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၁၂ ခုနှစ် ပထမအကြိမ် တိုင်းဒေသကြီးနှင့် ပြည်နယ်ကလပ်ပေါင်းစုံ Pencak Silat တံခွန်စိုက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူအားကစားခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပထမတံခွန်စိုက်ဒိုင်းရရှိသော ဒဂုံမင်းစစ်နိုင် ပင်မအသင်းအား တံခွန်စိုက်ဒိုင်း ချီးမြှင့်ခဲ့သည်။

ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်သည် ယမန်နေ့ နံနက် ၁၁ နာရီကလည်း အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်ရုံး၌ မြန်မာ့လက်ရွေးစင်ဘိလိယက်နှင့်စနူကာ အားကစားသမားများအား တွေ့ဆုံအားပေးစကားပြောကြားခဲ့သည်။

ထို့နောက် စားရိပ်သာ၌ ပြေးခုန်ပစ်၊ အလေးမ၊ ကရာတေးဒို၊ တိုက်ကွမ်ဒို စသည့် အားကစားအဖွဲ့ချုပ်များမှ နည်းပြ/အုပ်ချုပ်သူများနှင့် လက်ရွေးစင် အားကစားသမားများအားတွေ့ဆုံ၍ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးကို အမျိုးသားရေးအသွင်ဖြင့် ခံယူကြိုးစားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာနေရှင်နယ်လိဂ် ဘောလုံးပြိုင်ပွဲ ပွဲကြိုသုံးသပ်ချက်

### ရက္ခပူရယူနိုက်တက်-မကွေး
### (သုဝဏ္ဏကွင်း) (၁၂-၅-၂၀၁၂) (ညနေ ၄း၀၀)

ရက္ခပူရအသင်းနဲ့ မကွေးအသင်းတို့ ပထမအကျော့မှာ တွေ့ဆုံစဉ်ကတော့ အကြိတ်အနယ်ကစားပြီး ဂိုးမရှိ သရေကျထားခဲ့ပါတယ်။ ရက္ခပူရအသင်းဟာ ရာသီအစမှာ ခြေစွမ်းပြနိုင်ခဲ့ပေမယ့် နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းယိမ်းယိုင်လာပြီး မကွေးအသင်းကတော့ ရာသီအစမှာ ရလဒ်မကောင်းခဲ့ပေမယ့် တစ်ပွဲထက်တစ်ပွဲ ခြေတွေ့လာပြီး အကောင်းဆုံးကစားလာနိုင်တာကို တွေ့ရပါတယ်။ ရက္ခပူရအသင်းဟာ ပထမအကျော့ပွဲစဉ်တွေမှာ ရလဒ်ကောင်းတွေရအောင် မစွမ်းဆောင်နိုင်ခဲ့တဲ့ နည်းပြချုပ် လီယိုနာဒိုကို ထုတ်ပယ်ကာ လက်ထောက်နည်းပြ ဦးဟန်ထွန်းကို နည်းပြချုပ်အဖြစ် အစားထိုး ခန့်အပ်ပြီး အပြောင်းအလဲအချို့ ပြုလုပ်ခဲ့ပါတယ်။ မကွေးအသင်းကတော့ ကစားသမား အဝင်အထွက်မရှိပေမယ့် ခြေစွမ်းတည်ငြိမ်မှုရှိတာတွေကို တွေ့ရပါတယ်။ ထိပ်တိုက်တွေ့ဆုံမှုတွေအရတော့ ရက္ခပူရအသင်းဟာ မကွေးအသင်းကို တစ်ခါမျှမရှုံးဖူးတဲ့အတွက် ဒီစံချိန် ဆက်ထိန်းနိုင်ပါ့မလားဆိုတာ စောင့်ကြည့်ရမှာပါ။

### ချင်းယူနိုက်တက်- ဟံသာဝတီယူနိုက်တက်
### (အောင်ဆန်းကွင်း) (၁၂-၅-၂၀၁၂) (ညနေ ၄း၀၀)

ချင်းအသင်းဟာ မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲဝင်အသင်း ၁၄ သင်းမှာ နိုင်ပွဲမရရှိသေးတဲ့ တစ်သင်းတည်းသောအသင်းဖြစ်ပြီး ရမှတ် သုံးမှတ်နဲ့ အမှတ်ပေးဇယားအောက်ဆုံးကို ရောက်ရှိနေပါတယ်။ ရာသီကုန်မှာ တန်းမဆင်းရဖို့အတွက် ကစားသစ်တွေအားဖြည့်ထားပြီး လက်ရွေးစင်ကစားသမားဟောင်း အောင်မျိုးသန့်လို ကစားသမားမျိုးကိုလည်း ချင်းအသင်းခေါ်ယူထားပါတယ်။ ဟံသာဝတီအသင်းကတော့ ယမန်နှစ်က ရှုံးထွက်ဖလားရခဲ့တဲ့ခြေစွမ်းကို မမီတဲ့အပြင် အဓိက ကစားသမားအချို့ အသင်းပြောင်းသွားတာရယ် နိုင်ငံခြားကစားသမားတွေ အပြောင်းအလဲလုပ်ထားတာရယ်ကြောင့် ခြေစွမ်းတည်ငြိမ်မှု မရှိတာကို တွေ့ရပါတယ်။ ဒါပေမယ့်လည်း ဟံသာဝတီအသင်းဟာ ကိုယ့်ထက်အားနည်းတဲ့ အသင်းတွေနဲ့တွေ့ရင်တော့ အမှတ်ရအောင် ယူနိုင်စွမ်းရှိသလို ချင်းအသင်းကလည်း တန်းမဆင်းရအောင် ဒုတိယအကျော့အစကတည်းက တင်ကစားမှာဖြစ်တာကြောင့် အကြိတ်အနယ်ရှိတဲ့ ပွဲကောင်းတစ်ပွဲဖြစ်လာနိုင်ပြီး ဟံသာဝတီအသင်း ကပ်အနိုင်ရသွားမှာပါ။

### ရန်ကုန်ယူနိုက်တက် - ကမ္ဘောဇ
### (သုဝဏ္ဏကွင်း) (၁၃-၅-၂၀၁၂) (ညနေ ၄း၀၀)

ဒီတစ်ပတ်ပွဲစဉ်တွေထဲမှာတော့ အကောင်းဆုံးပွဲဖြစ်လာနိုင်ပြီး ကမ္ဘောဇအသင်းနည်းပြသစ် ဆီဗာဂျီရဲ့ အသင်းကို ပထမဦးဆုံးကိုင်တွယ်မယ့် ပွဲလည်းဖြစ်ပါတယ်။ ရန်ကုန်ယူနိုက်တက်အသင်းကတော့ ပြည်တွင်းကစားသမားတွေနဲ့ နိုင်ငံခြားကစားသမားတွေ အတွဲအဖက်မမိတာကြောင့် အသင်းကြီးအချင်းချင်းတွေ့တဲ့ ပွဲစဉ်အချို့မှာ အမှတ်လျော့ခဲ့ရပါတယ်။ ဒါကြောင့်မို့လို့ ပထမအကျော့မှာ ခြေစွမ်းမပြနိုင်တဲ့ မီလန်နဲ့ မလာဒန်ရဲ့နေရာမှာ ဘရာဇီးတိုက်စစ်မှူးတစ်ဦးနဲ့ နိုင်ဂျီးရီးယား တိုက်စစ်မှူးတစ်ဦးတို့ခေါ်ယူပြီး အပြောင်းအလဲလုပ်ထားပါတယ်။ ကမ္ဘောဇအသင်းကတော့ ရန်ကုန်လူဟောင်း ချားစ်အိုဘီနဲ့ ဟံသာဝတီအသင်းကို ရှုံးထွက်ဖလားရယူပေးခဲ့တဲ့ နည်းပြဆီဗာဂျီတို့ကို ခေါ်ယူထားပြီး အသင်းကို အပြောင်းအလဲပြုလုပ်ထားပါတယ်။ ပထမအကျော့တွေ့ဆုံစဉ်ကတော့ တောင်ကြီးမှာ ကမ္ဘောဇအသင်းက ရန်ကုန်အသင်းကို ၁-၀ ရလဒ်နဲ့ အနိုင်ယူထားပေမယ့် ဒီတစ်ကြိမ်မှာတော့ ရန်ကုန်မြေမှာ ရင်ဆိုင်ရမှာဖြစ်တဲ့အတွက် အနိုင်ရဖို့ ရုန်းကန်ရနိုင်ပါတယ်။ လက်ရှိ တတိယနေရာမှာရှိတဲ့ ရန်ကုန်အသင်းကလည်း ကမ္ဘောဇအသင်းကိုနိုင်ရင် အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်ဖို့အခွင့်အရေးရရှိမှာဖြစ်သလို ကမ္ဘောဇအသင်းကလည်း အမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက်ဦးဆောင်နိုင်ဖို့ ကြိုးစားမှာဖြစ်တဲ့အတွက် ဒီတစ်ပတ်ရဲ့ Big Match လို့ ဆိုရမှာဖြစ်ပါတယ်။

### မောရဝတီ- ရတနာပုံ
### (အောင်ဆန်းကွင်း ) (၁၃-၅-၂၀၁၂) (ညနေ ၄း၀၀ )

မောရဝတီအသင်းမှာ ၂၀၁၂ မြန်မာနေရှင်နယ်လိဂ်မှာ ဂိုးသွင်းအားအနည်းဆုံးဖြစ်ပြီး ပထမအကျော့ပွဲစဉ်အားလုံးမှာ သုံးဂိုးသာ သွင်းယူထားနိုင်ခဲ့ပါတယ်။ ရတနာပုံအသင်းကတော့ ကစားပုံမကောင်းပေမယ့်လည်း နိုင်ပွဲတွေရရှိနေပြီး ကမ္ဘောဇအသင်းနဲ့အမှတ်တူ ဂိုးကွာခြားချက်ကြောင့်သာ အမှတ်ပေးဇယား ဒုတိယနေရာမှာ ရပ်တည်နေတာပါ။ တတိယနေရာက ရန်ကုန်နဲ့ ပထမနေရာက ကမ္ဘောဇအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေချိန်မှာ ရတနာပုံအသင်းအနိုင်ရဖို့ ကြိုးစားမှာဖြစ်ပြီး အနိုင်သုံးမှတ်ရဖို့ သေချာနေပါတယ်။

ဇော်မင်းအောင်(၁၀၇)



## စပိန်နှစ်သင်း အားပြိုင်သော ယူရိုပါလိဂ်ဗိုလ်လုပွဲ အက်သလက်တီကိုမက်ဒရစ်အသင်း အောင်ပွဲခံနိုင်ခဲ့



အက်သလက်တီကို မက်ဒရစ်အသင်း ယူရိုပါလိဂ်ဖလားဗိုလ်လုပွဲ၌ ဖလားကိုင်မြှောက်ကာ အောင်ပွဲခံစဉ်။

**မက်ဒရစ် မေ ၁၀**

စပိန်ကလပ်အသင်းနှစ်သင်းဖြစ်သည့် အက်သလက်တီကို မက်ဒရစ်အသင်းနှင့် ဘီဘာအိုအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ယူရိုပါလိဂ် နောက်ဆုံးဗိုလ်လုပွဲတွင် အက်သလက်တီကို မက်ဒရစ်အသင်းက ဘီဘာအိုအသင်းကို သုံးဂိုးပြတ် သွင်းယူကာ အောင်ပွဲခံနိုင်ခဲ့ပြီဖြစ်သည်။

နည်းပြ ဒီယေဂိုပါဘလိုဆင်မီဝမ်းကိုင်တွယ်သည့် အက်သလက်တီကို မက်ဒရစ်အသင်းသည် ယခုနှစ်အနိုင်ရရှိခဲ့သည့် ယူရိုပါလိဂ်ဖလားမှာ သုံးနှစ်တာကာလအတွင်း ဒုတိယအကြိမ် ရရှိခဲ့ခြင်းဖြစ်သည်။

အက်သလက်တီကိုမက်ဒရစ်အသင်းသည် ဂိုဒင်း၊ မီရန်ဒါ၊ ဖီးလစ်ပီလူးဝစ်၊ မာရီယိုဆွာရက်ဇ်၊ ဂါဘီ၊ ဒီယေဂို၊ အက်ဒရီရန်၊ ဖယ်ကာအို စသည့် ကစားသမားများဖြင့် ပွဲထွက်ခဲ့ပြီး ပေါ်တိုအသင်းမှ ပြောင်းရွှေ့လာသည့် ဖယ်ကာအိုက ခုနစ်မိနစ်နှင့် ၃၄ မိနစ်တို့တွင် နှစ်ဂိုးသွင်းယူပေးခဲ့ပြီး ဒီယေဂိုက ၈၅ မိနစ်တွင် တစ်ဂိုးသွင်းကာ ဘီဘာအိုအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်သွင်းယူကာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ကိုလံဘီယာနှင့် အက်သလက်တီကို မက်ဒရစ်အသင်းတိုက်စစ်မှူး ဖယ်ကာအိုသည် လက်ရှိအသင်းသို့ မပြောင်းရွှေ့မီ ၂၀၁၁ ခုနှစ်က ပေါ်တိုအသင်းအတွက် ယူရိုပါလိဂ်ဖလားကိုရရှိရေး စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်ပြီး ဖယ်ကာအို၏ ယူရိုပါလိဂ် အောင်ပွဲခံမည့်ဇာတာကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်း ယူရိုပါလိဂ်ဖလားကို ကိုင်မြှောက်နိုင်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

ထို့ပြင် နည်းပြဆင်မီဝမ်းက ၎င်း၏ နည်းစနစ်ပိုင်းနှင့် ညွှန်ကြားမှုကောင်းမွန်မှုကြောင့် ၂၀၁၀ ခုနှစ်ကလည်း ယူရိုပါလိဂ်ဖလားကို ရယူနိုင်ခဲ့ကြောင်းနှင့် ယခုပြိုင်ပွဲတွင်လည်း အနိုင်ရလိုသည့် စိတ်ဆန္ဒများ၏ ဖိအားပေးခြင်းကို ခံခဲ့ရသော်လည်း မိမိလိုချင်သော ယူရိုပါလိဂ်ဖလားကို ရယူနိုင်ခဲ့ခြင်းကြောင့် များစွာကျေနပ်မိကြောင်း ပြိုင်ပွဲအပြီး သတင်းစာရှင်းလင်းပွဲတွင် ဖွင့်ဟပြောဆိုခဲ့သည်။

***အင်တာနက်။***



**မန်စီးတီး ကွင်းလယ်ကစားသမား ယာယာတိုရေး။**

## ယာယာတိုရေး အသင်းဟောင်း ဘာစီလိုနာသို့ ပြန်လိုသည့်ဆန္ဒများ ပြင်းပြနေဆဲဟုဆို

**မန်ချက်စတာ မေ ၁၀**

မန်စီးတီး ကွင်းလယ်ကစားသမား ယာယာတိုရေးသည် ၎င်း၏ ဘောလုံးသမားဘဝကို အသင်းဟောင်း ဘာစီလိုနာအသင်း၌သာ ပြန်လည်အဆုံးသတ်မည်ဖြစ်ကြောင်း မေ ၁၀ ရက် အားကစားသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အိုင်ဗရီကို့စ်ကြယ်ပွင့် မန်စီးတီးကွင်းလယ်ကစားသမား ယာယာတိုရေးသည် ဘာစီလိုနာအသင်း၌ သုံးနှစ်ကြာ ကစားခဲ့ပြီး ၂၀၁၀ ခုနှစ်တွင် ပြောင်းရွှေ့ကြေး ပေါင် ၂၄ သန်းဖြင့် အင်္ဂလန်မြေ မန်စီးတီးအသင်းသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ယာယာတိုရေးသည် ပြီးခဲ့သည့် သီတင်းပတ်က နယူးကာဆယ်အသင်းနှင့် ယှဉ်ပြိုင်ခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင် နှစ်ဂိုးသွင်းယူပေးခဲ့ပြီး မန်စီးတီးအသင်း အမှတ်ပေးဇယားထိပ်၌ မြဲနေရေး စွမ်းဆောင်ပေးခဲ့သူဖြစ်သည်။ ယာယာတိုရေးသည် မန်စီးတီးအသင်း၌ ကာလကြာရှည်စွာကစားရန် ရည်ရွယ်ထားသော်လည်း ချူးကမ့်သို့ ပြန်လိုသည့် ဆန္ဒ ရှိနေဆဲပင်ဖြစ်ကြောင်း တိုရေးက ဆိုခဲ့သည်။

ဘာစီလိုနာအသင်းအနေဖြင့် မိမိအား ခေါ်စေလိုကြောင်း၊ မိမိအတွက် ဘာစီလိုနာအသင်းသည် အရေးပါဆုံး အသင်းဖြစ်ကြောင်း၊ ဘာစီလိုနာကို ချစ်မြတ်နိုးကြောင်း၊ မန်စီးတီးအသင်း၌ နှစ်နှစ်ကြာခဲ့သော်လည်း အသင်းဟောင်း ဘာစီလိုနာကိုပြန်ရန် ဆန္ဒရှိနေကြောင်း ယာယာတိုရေးက ပြောကြားခဲ့သည်။

မန်စီးတီးက ခွင့်ပြုပါက အသင်းဟောင်းသို့ ပြန်ချင်ကြောင်း၊ မိမိ၏ ဘောလုံးသမားဘဝကို ဘာကာ၌သာ အဆုံးသတ်လိုကြောင်း၊ ဘာစီလိုနာအသင်းသည် ယခုနှစ်ရွှေ့ရာသီတွင် နည်းပြ ဂွါဒီယိုလာ အစား တီတိုဗီလာနိုအား ခန့်အပ်မည်ဖြစ်ခြင်းကြောင့် မိမိအား အကောင်းဆုံး ပြန်လည်ကမ်းလှမ်းလာလိမ့်မည်ဟု ယုံကြည်ထားကြောင်း မန်စီးတီးကွင်းလယ်ကစားသမား ယာယာတိုရေးက ပြောကြားခဲ့သည်။

***အင်တာနက်။***

နိုင်လင်းကြည်

## သတိပြုဆင်ခြင်ဖွယ်ရာ မှုခင်းအဖြာဖြာ

### ဖုန်းဟန်းဆက်များ လိုက်လံရောင်းချစဉ် မသင်္ကာ၍ ဖမ်းဆီး



**ရန်ကုန် မေ ၁၀**

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်အတွင်းရှိ ရပ်ကွက်များ၌ မတ် ၂ ရက် မွန်းလွဲ ၂ နာရီခန့်က လူငယ်နှစ်ဦး ဖုန်းဟန်းဆက်များ လိုက်လံရောင်းချနေကြောင်း သတင်းရရှိ၍ နယ်ထိန်းခေါင်းဆောင် ဒု-ရဲအုပ် အောင်ခိုင်စိုးနှင့် တပ်ကြပ်လှိုင်မင်းတို့က မြို့နယ်စခန်းမှူးနှင့် မြို့နယ်မှူးထံ သတင်းပို့တင်ပြခဲ့ရာ မြို့နယ်မှူး၏ တာဝန်ပေးမှုဖြင့် နယ်ထိန်းခေါင်းဆောင် ဒု-ရဲအုပ် အောင်ခိုင်စိုး ဦးဆောင်၍ သက်သေနှစ်ဦးနှင့်အတူ မြို့နယ်အတွင်း လိုက်လံရှာဖွေခဲ့သည်။

အမှတ်(၁၂)ရပ်ကွက် ဘူတာရုံလမ်းနှင့် ငွေရလမ်းထောင့်အရောက်တွင် မသင်္ကာဖွယ်ရာ လူငယ်နှစ်ဦးအား စစ်ဆေးရှာဖွေရာ နိုင်လင်းအောင် (၁၅)နှစ် (ဘ) ဦးယဉ်ထွေး မ/၂၀၈ ပိတောက်လမ်း (၇၂)ရပ်ကွက် တောင်ဒဂုံမြို့နယ်နေသူနှင့် ခင်လှိုင်(ခ) အောင်မျိုးထွန်း (၁၇)နှစ်(ဘ)ဦးလင်းလင်း ဘူတာရုံ (၃)လမ်း ခြောက်ခန်းတွဲ (၁၂) ရပ်ကွက်နေသူတို့အား အနက်ရောင် ပလတ်စတစ်အိတ်တစ်လုံးနှင့်အတူ ဖုန်းဟန်းဆက်မျိုးစုံ အလုံး ၂၀၊ ဘက်ထရီ ခါတ်ခဲ မျိုးစုံ ၁၆ ခု၊ ဖုန်းအားသွင်းကြိုး နှစ်ချောင်းတို့အား စစ်ဆေးတွေ့ရှိသည်။ ၎င်းတို့သည် ရန်ကင်းမြို့နယ် (၁၁) ရပ်ကွက် သစ္စာလမ်း မိုးကောင်းမှတ်တိုင်အနီးရှိ SEVEN-Star ဆိုင်မှ ဖောက်ထွင်းခိုးယူခဲ့ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် ရန်ကင်း ရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(၃၅)

### ခရီးသည်တင်ယာဉ် လမ်းဘေးသစ်ပင်ဝင်တိုက်

**ရန်ကုန် မေ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ဒလ-တွံတေး ကားလမ်းမကြီးတွင် ခရီးသည်ပို့ဆောင်ရေး ယာဉ်လိုင်းမှ ဒိုင်နာယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရှိ သစ်ပင်အား ဝင်တိုက်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မေ ၄ ရက် နံနက် ၁၀ နာရီ ၃၀မိနစ်တွင် ယာဉ်မောင်း အောင်သန်း (၃၀)နှစ် (ဘ) ဦးမှဲ့က ဒလ-တွံတေးကားလမ်းအတိုင်း ဒလသင်္ဘောဆိပ်မှ တွံတေးမြို့သို့ ခရီးသည်ပို့ဆောင်ရေး ဒိုင်နာယာဉ် သ/---- အဖြူရောင်ယာဉ်ကို ခရီးသည်နှင့် ကုန်ပစ္စည်းများ တင်ဆောင်မောင်းနှင်ခဲ့သည်။

ဒလပြည်သူ့ဆေးရုံ အလွန်တွင် ယာဉ်ရှေ့ညာဘက်ဘီး အန်းလော့ ဂွိုင်းဆက်ပြုတ်ပြီး အရှိန်မထိန်းနိုင်ဘဲ ညာဘက်ယာဉ်ကြောမှ လမ်းဘေးရှိ မဲဇလီပင်အား ဝင်တိုက်မိပြီး ယာဉ် ရပ်တန့်သွားသည်။

အဆိုပါယာဉ်ပေါ်တွင် ခရီးသည်အပြည့်တင်ဆောင်ထားပြီး ယာဉ်တိုက်မှုကြောင့် ခရီးသည်တစ်ဦး ဒဏ်ရာရရှိကာ ဆေးကုသမှုခံယူရပြီး အခြားခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ ယာဉ်ရှေ့ပိုင်း အနည်းငယ် ပျက်စီးသွားခဲ့သည်။ (၆၁၁)

### သစ်တင်ကရိန်းယာဉ် ဘရိတ်ပေါက်၍ ယာဉ်မောင်း ခုန်ချရာမှ သေဆုံး

**ရေတာရှည် မေ ၁၀**

မေ ၆ ရက် မွန်းလွဲ ၁ နာရီ ၁၀ မိနစ်ခန့်က ရေတာရှည်မြို့နယ် ရေတာရှည်မြို့ အနောက် မိုင် ၄၀ ခန့်အကွာ စကွေးအုပ်စု သံပုရာခုံသစ်ကွင်းတွင် ယာဉ်မောင်းမြင့်ဦး (၄၀)နှစ် ခင်တန်းလေးရွာ ရေတာရှည်မြို့နေသူ မောင်းနှင်သည့် ခ/--- သစ်တင် ၁၀ ဘီးကရိန်းယာဉ်သည် အလုပ်သိမ်းပြီး ပြန်လာစဉ် ဘရိတ်ပေါက်သဖြင့် ယာဉ်မောင်း မြင့်ဦးမှာ ကြောက်လန့်ပြီးခုန်ချစဉ် ကားနောက်ဘီးနှင့် ကြိတ်မိပြီး ဝဲ၊ ယာ ပေါင်ကျိုး ပေါက်ပြဲဒဏ်ရာ၊ မျက်နှာပြင် ညိုမည်းဒဏ်ရာ၊ ဝဲမျက်လုံးသွေးထွက်ဒဏ်ရာများ ရရှိသေဆုံးခဲ့ပြီး အတူလိုက်ပါလာသူ ဇော်ဦး (၃၇)နှစ် (ဘ) ဦးလှအောင် (နေရပ်တူ)မှာ ဝဲနဖူး၊ ယာဒူးနှင့် ယာလက်ကောက်ဝတ်တို့တွင် ပေါက်ပြဲပွန်းပဲ့ဒဏ်ရာများ ရရှိခဲ့၍ ရေတာရှည်ရဲစခန်းမှ (ပ)၁၂၄/၂၀၁၂ ပုဒ်မ ၃၀၄-က/၃၃၈ ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(၅၇၈)

# အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲမှုပပျောက်ရေးသို့ ဦးတည်သည့် စစ်မှန်သောတိုးတက်မှုဖြစ်စဉ်ကို အလေးပေးသည့် မူဝါဒအသစ်တစ်ရပ်ဖြစ်

နေပြည်တော် မေ ၁၀

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်၍ ဌာနဆိုင်ရာများ၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တို့မှ အဆင့်မြင့်အရာရှိကြီးများအကြား အလွတ်သဘော အဆင့်မြင့် ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ရွှေနန်းတော်ဟိုတယ်၌ ကျင်းပသည်။**

အခမ်းအနားသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ အမေရိကန်နိုင်ငံ Stony Brook University - Advanced Energy Center မှ Research Professor & Director International Programmes နှင့် အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ဦးဆောင်နာယက ဒေါက်တာနေထွန်းနှင့် အဖွဲ့ဝင်များ၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB)မှ ညွှန်ကြားရေးမှူးချုပ် Mr. Kunio Senga နှင့် အဆင့်မြင့်အရာရှိကြီးများ၊ သက်ဆိုင်ရာဌာနများမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း အစိမ်းရောင်စီးပွားရေး အစိမ်းရောင် ဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်၍ ဌာနဆိုင်ရာများ၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ အစိမ်းရောင်စီးပွားရေး အစိမ်းရောင် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တို့မှ အဆင့်မြင့်အရာရှိကြီးများအကြား အလွတ်သဘော အဆင့်မြင့်ဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲမှုပပျောက်ရေးသို့ ဦးတည်သည့် စစ်မှန်သောတိုးတက်မှုဖြစ်စဉ်ကို အလေးပေးသည့် မူဝါဒအသစ်တစ်ရပ်ဖြစ်ပါကြောင်း၊ အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်သက်၍ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကျွမ်းကျင်မှုနည်းပညာများနှင့် အမြင်များကို အခြေခံ၍ ဆွေးနွေးသွားရန် တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ဦးဆောင်နာယက ဒေါက်တာနေထွန်းက အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြန်လည်ခုခံနိုင်စွမ်း ဖွံ့ဖြိုးတိုးတက်မှုတို့ အရေးပါကြောင်းနှင့် အားလုံးအတူတကွ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အာရှဖွံ့ဖြိုးရေးဘဏ် ညွှန်ကြားရေးမှူးချုပ် Mr. Kunio Senga က အာရှဖွံ့ဖြိုးရေးဘဏ်အနေဖြင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ အကူအညီပေးနိုင်ရန် ဆောင်ရွက်နေမှုအခြေအနေများ၊ ရေရှည်ပူးပေါင်းဆောင်ရွက်နိုင်ရေး အလားအလာများနှင့်ပတ်သက်၍ ပြောကြားသည်။

ဆွေးနွေးပွဲတွင် သက်ဆိုင်ရာဌာနများ၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တို့မှ အဆင့်မြင့်အရာရှိကြီးများသည် မြန်မာနိုင်ငံတွင် အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်ရန်ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)


ယနေ့ သတင်းအညွှန်း

မန္တလေးဝန်းကျင် သရက်သီးအထွက်ကောင်း စိန်တလုံးသရက် တစ်ဖက်နိုင်ငံသို့ တင်ပို့
ပြည်တွင်းသတင်း စာမျက်နှာ - ၇

စပိန်နှစ်သင်း အားပြိုင်သော ယူရိုပါလိဂ်ဗိုလ်လုပွဲ အက်သလက်တီကိုမက်ဒရစ်အသင်း အောင်ပွဲခံနိုင်ခဲ့
နိုင်ငံတကာအားကစား စာမျက်နှာ - ၁၀

ဂျက်ကီချန်း၏သား ဂျေစီးချန်းအကြောင်း တစေ့တစောင်း
နိုင်ငံတကာအနုပညာ စာမျက်နှာ - ၆

ပျောက်ဆုံးနေသော ရုရှားလေယာဉ်ပျက် အင်ဒိုနီးရှား၌ တွေ့ရှိ
နိုင်ငံတကာသတင်း စာမျက်နှာ - ၄

နေမျက်နှာပြင်ပေါ်မှ နေပြောက်ကွက်ကြောင့် အင်အားပြင်းနေပေါက်ကွဲမှုများဖြစ်ပေါ်နိုင်
နိုင်ငံတကာသတင်း စာမျက်နှာ - ၅


ဘာသာပြန် - ဇင်ထူး



## ပစိဖိတ်သမုဒ္ဒရာအတွင်းမှ ရေမအမှိုက်ပုံကြီး လွန်ခဲ့သည့် နှစ် ၄၀ ကထက် အဆ ၁၀၀ ပိုကြီးလာ

"ပစိဖိတ် မဟာအမှိုက်ပုံကြီး" ဟု လူသိများထင်ရှားသော သမုဒ္ဒရာတွင်းရှိ စွန့်ပစ်ပလတ်စတစ်အစုအဝေးကြီးမှာ ၁၉၇၀ ပြည့်လွန်နှစ်များကထက် အဆ ၁၀၀ ပို၍ကြီးထွားနေပြီဖြစ်သည်ကို တွေ့ရကြောင်း သုတေသီများက ပြောကြားသည်။

အဆိုပါ အမှိုက်ပုံကြီးကြောင့် ပစိဖိတ်သမုဒ္ဒရာ၏ ဂေဟစနစ်ပေါ်တွင် မျှော်လင့်ထားသည့် အကျိုးသက်ရောက်မှုများသာမက မျှော်လင့်မထားသည့် အကျိုးသက်ရောက်မှုများပါ ကျရောက်နိုင်သည်ဟုလည်း ၎င်းတို့က ပြောကြားသည်။

အဆိုပါသုတေသီများသည် သမုဒ္ဒရာအမှိုက်များကြောင့် ရေနေသတ္တဝါများအပေါ် အကျိုးသက်ရောက်မှုများကို လေ့လာသုတေသနပြု စာတမ်းရေးသားရန်အတွက် ကာလီဖိုးနီးယားကမ်းခြေမှ မိုင် ၁၀၀၀ အကွာတွင်ရှိသော ပစိဖိတ်အမှိုက်ပုံကြီးဆီသို့ ခရီးနှင်ခဲ့ကြခြင်းဖြစ်သည်။

"ပစိဖိတ် မဟာအမှိုက်ပုံကြီး"သည် သမုဒ္ဒရာအတွင်း စွန့်ပစ်ခဲ့သည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၊ သမုဒ္ဒရာရေစီးကြောင်းနှင့် လေတိုက်ခတ်မှုတို့က သယ်ဆောင်လာသည့် ပလတ်စတစ်စွန့်ပစ္စည်းများ ပေါလောမျောကာ စုဝေးနေသည့်နေရာဖြစ်သည်။ ပလတ်စတစ်များမှာ သေးငယ်သောအရွယ်၊ လက်သည်းခွံပမာဏအရွယ် စသည်ဖြင့် ဆွေးမြည့် ကြေမွသွားပြီး ဟာဝိုင်ယီနှင့် ကာလီဖိုးနီးယားအကြား မိုင်ထောင်နှင့်ချီ၍ ကျယ်ဝန်းသော သမုဒ္ဒရာရေပြင်၌ ပြန့်ကျဲလျက်ရှိသည့်အပြင် နှစ်စဉ်တန်ချိန်ထောင်ပေါင်းများစွာသော ပလတ်စတစ်စွန့်ပစ္စည်းများ နောက်ထပ်စီးဝင် ဖွဲ့စည်းလျက်ရှိသည်။ **စာမျက်နှာ ၈ ကော်လံ ၃ သို့** ✳

အင်တာနက် ကျန်းမာရေးသတင်း သက်ထွေး

## ကူးစက်ခံရခြင်းကြောင့်ဖြစ်သည့် ကင်ဆာရောဂါ ကာကွယ်တားဆီး၍ (သို့) ကုသ၍ရနိုင်ဟုဆို

ကမ္ဘာတစ်ဝန်း၌ ကင်ဆာရောဂါဖြစ်ပွားသူ ခြောက်ဦးတွင် တစ်ဦးသည် ကူးစက်ခံရခြင်းကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ယင်းမှာ ကာကွယ်တားဆီးနိုင်သော သို့မဟုတ် ကုသ၍ရနိုင်သော ရောဂါဖြစ်ကြောင်း သုတေသနပြုချက် အသစ်တစ်ရပ်အရ သိရသည်။

အဆိုပါ သုတေသနပြုချက်က နှစ်စဉ် ကင်ဆာဖြစ်ပွားမှုအသစ်နှစ်သန်းနီးပါး ကူးစက်ပျံ့နှံ့နိုင်သည်ဟု ဆိုသည်။

ဗိုင်းရပ်စ်ပိုးများ၊ ဗက်တီးရီးယားများနှင့် ကပ်ပါးပိုးများကြောင့် ကူးစက်ခံရခြင်းသည် ကူးစက်မှုဖြစ်စဉ်များထဲမှ အများဆုံးတစ်မျိုးဖြစ်ပြီး ယင်းတို့မှာ ကာကွယ်တားဆီး၍ရနိုင်သော ကမ္ဘာတစ်ဝန်းရှိ ကင်ဆာဖြစ်ပွားမှုများ ဖြစ်သည်ဟု နိုင်ငံတကာကင်ဆာသုတေသန အေဂျင်စီ (အိုင်အေအာရ်စီ)မှ သုတေသနပြုချက်အား ဦးဆောင်ရေးသားသူ ကက်သရင်းဒီမာတဲလ်နှင့် မာတင်မလန်မာတို့က ဆိုသည်။

ကာကွယ်ဆေးထိုးခြင်း၊ ဘေးကင်းစွာ ဆေးထိုးခြင်းလေ့ကျင့်မှု သို့မဟုတ် ရောဂါပိုးမွှား **စာမျက်နှာ ၈ ကော်လံ ၃ သို့** ❍



**ကင်ဆာရောဂါဝေဒနာရှင်တစ်ဦးအား စမ်းသပ်ကုသနေစဉ်။**